၁၉၉၅ ခု အောက်တိုဘာလမှစတင်၍ အပတ်စဉ်ထုတ်ဝေသည်

# Voice of Burma

Published by Voice of Burma Information Group Issue No.824, July 24, 2011

APTO 502, 7-18-1 , Takinogawa , Kita-Ku, Tokyo 114-0023, JAPAN
Tel/Fax: 81 3-3949-3919, E-mail: sayarkway@yahoo.com , koko@gol.com

## အာဇာနည်တွေ အသက်ပေးရကျိုးနပ်တဲ့တိုင်းပြည်ဖြစ်အောင် ကြိုးစားဖို့ ဒေါ်စုပြော

**VOA ၊ ဇူလိုင် ၁၉ ။ ။** အသက်နဲ့ရင်းပြီး လွတ်လပ်ရေး အရယူပေးခဲ့တဲ့ အာဇာနည်ကြီးတွေကို အခမ်းအနားတွေနဲ့ ဂုဏ်ပြုနေရုံနဲ့မပြီးဘဲအာဇာနည်နိုင်ငံနဲ့ ထိုက်တန်တဲ့ လူမျိုးတွေဖြစ်အောင် ကျင့်ကြံ ကြိုးစားနေထိုင်ကြဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းလိုက်ပါတယ်။ ဒီကနေ့ ဗဟန်း ရွှေဂုံတိုင်မှာရှိတဲ့ NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှာ ကျင်းပတဲ့ ၆၄ နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင်း အခုလို တိုက်တွန်းလိုက်တာဖြစ်သလို ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနဲ့အတူ ကျဆုံးခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်တွေကိုလည်း ဒေါ်အောင်ဆန်းစုကြည်နဲ့ NLD ပါတီဝင်တွေ၊ တခြားနိုင်ငံရေးပါတီဝင်တွေ သွားရောက်ဂါရဝပြုခဲ့ကြပါတယ်။ အပြည့်အစုံကို မသင်းသီရိက တင်ပြပေး ထားပါတယ်။

ဒီကနေ့ရန်ကုန်က အာဇာနည်ကုန်းမှာ ကျင်းပတဲ့ အာဇာနည်နေ့အခမ်းအနားကို ဒေါ်အောင်ဆန်းစုကြည်ဟာ မနက်ပိုင်းက အစိုးရအခမ်းအနားအတွက် တကြိမ်၊ နေ့လယ်ပိုင်းမှာတော့ NLD ပါတီဝင် တွေနဲ့ တကြိမ်၊ ၂ ကြိမ် သွားရောက်ပြီး ဂါရဝ ပြုခဲ့ပါတယ်။ အဲဒီမှာ မနက်ပိုင်းက တခြား အာဇာနည်မိသားစုဝင်တွေနဲ့ လွမ်းသူ့ပန်းခွေချတဲ့အခါမှာ ဦးအောင်ဆန်းဦးရဲ့ နာမည်နဲ့သာ ပန်းခွေချထားတာကို တွေ့ရပြီး NLD ပါတီရဲ့လွမ်းသူ့ပန်းခွေနဲ့ဒီမိုကရေစီကွန်ရက်အဖွဲ့တွေက ပေးပို့တဲ့လွမ်းသူ့ပန်းခွေတွေကိုတော့ အာဏာပိုင်တွေက နာမည်တွေ ခွင့်မပြုဘဲ အဖြူရောင် တိပ်တွေနဲ့ ကာထားခဲ့တယ်လို့ ကွန်ရက်လှုပ်ရှားမှုထဲက တဦးဖြစ်တဲ့ ကိုတိုးကျော်လှိုင်က ပြောပါတယ်။

"သူတို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုရော၊ ဒီမိုကရေစီကွန်ရက်ဆိုပြီး ပန်းခွေ ၂ ခွေရှိပါတယ်။ အဲဒီ ၂ ခုလုံးကို သူတို့က တိပ်တွေနဲ့ပိတ်ထားပြီးတော့ ပန်းခွေကိုပဲ ခွင့်ပြုပြီး နာမည်တွေကို ခွင့်မပြုတဲ့သဘောပါ။ မနက်ခင်းကတော့ မိသားစုအနေနဲ့ကတော့ အေးအေးဆေးဆေးဖြစ်ပါတယ်။" ကိုတိုးကျော်လှိုင်ပြောပြခဲ့တာဖြစ်ပါတယ်။

ဒီကနေ့ကျရောက်တဲ့ ၆၄ နှစ်မြောက်အာဇာနည်နေ့မှာတိုင်းပြည်အတွက် အသက်ပေးကာ လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ထိုက်တန်တဲ့ ဂုဏ်ပြုရာ ရောက်အောင် အာဇာနည်စိတ်ဓာတ်လို ကျင့်ကြံတွေးခေါ်နေထိုင်ကြဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ NLD ရုံးချုပ်မှာ ပြုလုပ်တဲ့အခမ်းအနားတွင်း အခုလို အဓိကတိုက်တွန်းခဲ့ပါတယ်။

"လွတ်လပ်ရေး ဘာဖြစ်လို့ရစေချင်လဲ၊ လွတ်လပ်ရေး ရစေချင်တယ်ဆိုတာဟာ လွတ်လွတ်လပ်လပ်နဲ့ ကိုယ့်ကံကြမ္မာကိုယ်တည်ဆောက်ခွင့်ရဖို့အတွက်၊ ဒါအတွက် ကျမတို့လွတ်လပ်ရေးရချင်ကြတာ။ အဲတော့ ကိုယ့်ကံကြမ္မာကို ကိုယ်တည် ဆောက်ချင်တယ်ဆိုရင်တခြားလူကို အားကိုးနေလို့မရဘူး။ ကိုယ့်ကိုယ်ကို အားကိုးမှ၊ ကိုယ့်ကိုယ်ကို အားကိုးပြီးတော့ နောက်ဆုံးအသက်အထိကို စတေးသွားတဲ့ အာဇာနည်ပုဂ္ဂိုလ်ကြီးတွေကို ကျမတို့ တကယ်လေးစားရာရောက်မှာပါ။

"ဒီမှာလာပြီး ခေါင်းငုံ့အလေးပြုရုံနဲ့ လေးစားတယ်လို့ လုံလုံလောက်လောက် ပြောလို့မရပါဘူး။ အဲဒီတော့ အားလုံး ဆက်ပြီးကြိုးစားသွားကြပါ။ ကျမတို့ဟာ အာဇာနည်နိုင်ငံနဲ့ ထိုက်တန်တဲ့ လူမျိုးတွေဖြစ်အောင်လို့ အားလုံး ကြိုးစားကြပါ။"

အာဇာနည်ဆိုတဲ့ စကားရပ်ဟာ သက္ကတ ဘာသာစကားကဆင်းသက်လာတာဖြစ်ပြီး မျိုးရိုးမြင့်မြတ်ခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်မို့ အားလုံးဟာ ရိုးရိုးကျင့်၊ မြင့်မြင့်ကြံ နေထိုင်တတ်ဖို့ ကြိုးစားစေချင်တယ်လို့လည်း တိုက်တွန်းပါတယ်။ အထူးသဖြင့် အာဇာနည်တွေ အသက်

**စာမျက်နှာ ၃ သို့**

**အကျဉ်းကစစ်ထောက်လှမ်းရေးအကြီးအကဲဟောင်း ၅ ဦး နအဖက ပြန်လွှတ်ပေး** — **စာမျက်နှာ ၂**

**၅၀၀၀ တန်ငွေစက္ကူအတု အမြောက်အများ ရန်ကုန်တွင် ဖမ်းဆီးမိရ** — **စာမျက်နှာ ၇**

**မြန်မာကို အာဆီယံအလှည့်ကျဥက္ကဋ္ဌနေရာ မပေးရေး AIPMC တိုက်တွန်း** — **စာမျက်နှာ ၁၀**

**ရှမ်းပြည်တိုးတက်ရေးပါတီတပ်ဖွဲ့ နှင့် ဦးသိန်းစိန်အစိုးရသစ်တပ်တို့ တိုက်ပွဲပြင်းထန်** — **စာမျက်နှာ ၁၂**

**နိုင်ငံရေးသိပ္ပံသင်တန်းကျောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် စတင်** — **စာမျက်နှာ ၁၄**

**ဦးသိန်းစိန်စစ်တပ်ထိုးစစ်ကြောင့် ကချင်ဒုက္ခသည်များ အကူအညီအထူးလိုအပ်** — **စာမျက်နှာ ၁၈**

# အကျဉ်းက စစ်ထောက်လှမ်းရေးအကြီးအကဲဟောင်း ၅ ဦး နအဖက ပြန်လွှတ်ပေး

**VOA ၊ ဇူလိုင် ၂၀ ။** မြန်မာနိုင်ငံက အကျဉ်းထောင်တွေတွင်း နှစ်ရှည် အကျဉ်းချခံထားရတဲ့ အရင်စစ်ထောက်လှမ်းရေး အကြီးတန်းအရာရှိ ၅ ဦးကို ပြန်လွှတ်ပေးလိုက်တာဟာ အခု မြန်မာအစိုးရ စစ်တပ်နဲ့တိုင်းရင်းသားဒေသတွေမှာ ဖြစ်နေတဲ့ ပြဿနာမှာ နောက်ကွယ်ကနေ အသုံးချဖို့ ဖြစ်တယ်လို့ သုံးသပ်ချက်တွေရှိနေပါတယ်။ အကြောင်းကတော့ အခု လွှတ်ပေးလိုက်တဲ့ အထဲမှာ အရင် စစ်ထောက်လှမ်းရေးအဖွဲ့ ကတိုင်းရင်းသားရေးရာ ဒုတိယတာဝန်ခံ ဗိုလ်မှူးကြီးဟောင်းစန်းပွင့်နဲ့အတူ ဒု-ဗိုလ်မှူးကြီးဟောင်း သက်တင်စိန်တို့ဟာ အရင်စစ်အစိုးရလက်ထက်က တိုင်းရင်းသားရေးရာကိစ္စတွေမှာ အရေးပါတဲ့ ကဏ္ဍတွေကပါဝင်ခဲ့တာကြောင့် ဖြစ်တယ်လို့လည်း ပြောပါတယ်။ ဒီသုံးသပ်ချက် အပြည့်အစုံကို မသင်းသီရိက တင်ပြပေးထားပါတယ်။

နှစ်ရှည်ထောင်ဒဏ်တွေနဲ့ အကျဉ်းကျနေတဲ့ အကြီးတန်း စစ်ထောက်လှမ်းရေး အရာရှိ ၅ ဦးကို ပြီးခဲ့တဲ့ ဖွန်လကုန်လောက်က ပြန်လွှတ်ပေးလိုက်တယ်လို့ အရင်တန်ပြန် စစ်ထောက်လှမ်းရေးအရာရှိဟောင်းတဦးလည်းဖြစ်၊ ဝါရှင်တန်ဒီစီ မြန်မာသံရုံးမှာ လက်ထောက်သံရုံးတာဝန်ခံ အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ ဗိုလ်မှူးဟောင်း အောင်လင်းထွဋ်က ပြောပါတယ်။

"ဗိုလ်မှူးကြီး စန်းပွင့်ရယ်၊ ဒုတိယဗိုလ်မှူးကြီး သက်တင်စိန်ရယ်၊ ဗိုလ်မှူးစည်သူရယ်၊ ဗိုလ်မှူးညီညီလွင်ရယ်၊ ဗိုလ်မှူးထွန်းအောင်စိုးရယ် ဆိုပြီးတော့ ၅ ယောက် လွှတ်တယ်ဆိုတာ သိရပါတယ်။ ဗိုလ်မှူးကြီး စန်းပွင့်နဲ့ ဗိုလ်မှူးကြီး သက်တင်စိန်တို့ကတော့ ကျနော်နဲ့လည်းဌာနတခုထဲမှာ လုပ်ခဲ့တဲ့သူတွေဖြစ်ပါတယ်။

"ဗိုလ်မှူးစည်သူကတော့ ထောက်လှမ်းရေး၆ တပ်မှူးပါ။ ရန်ကုန် ထောက်လှမ်းရေး ၆ ကပါ။ ဗိုလ်မှူးစည်သူက ဗိုလ်ချုပ်ကြီးခင်ညွန့်နေတဲ့အိမ်ပတ်ဝန်းကျင်ပေ့ါ၊ အဲဒီနယ်မြေကို တာဝန်ယူရတဲ့သူပါ။ ဗိုလ်မှူးညီညီလွင်ကတော့ တချိန်က ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့အနီးကပ် လုံခြုံရေးလုပ်ရတဲ့၊ တာဝန်ထမ်းဆောင်ရတဲ့သူပါ။ ဗိုလ်မှူးထွန်းအောင်စိုးကတော့ ဗိုလ်ကြီးဘဝတုန်းက တန်ပြန်ထောက်လှမ်းရေးဌာန၊ ဗိုလ်မှူးချုပ်သန်းထွန်းတို့ ဌာနမှာ လုပ်တဲ့ ပုဂ္ဂိုလ်တွေပါ။"

အခု ပြန်လွှတ်လာတယ်ဆိုတဲ့ စစ်ထောက်လှမ်းရေးအရာရှိဟောင်း ၅ ဦးထဲက ဗိုလ်မှူးကြီးဟောင်း စန်းပွင့်နဲ့ ဒု-ဗိုလ်မှူးကြီးဟောင်း သက်တင်စိန်တို့က အရင်စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ရဲ့ အထူးအရေးပါသူတွေဖြစ်ပါတယ်။ အထူးသဖြင့် သူတို့ ၂ ဦးဟာ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့် လက်ထက်မှာ လုပ်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ အပစ်အခတ် ရပ်စဲရေး ဆွေးနွေးပွဲတွေမှာ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့သူတွေဖြစ်တယ်လို့ ဗိုလ်မှူးဟောင်းအောင်လင်းထွဋ်က ပြောပါတယ်။

အခုမြန်မာအစိုးရစစ်တပ်နဲ့ကချင်ပြည်နယ်နဲ့ရှမ်းပြည်နယ်တွင်း ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေရဲ့ ပြဿနာဟာ လက်ရှိမြန်မာအစိုးရအတွက် အတော်ခေါင်းခဲစရာဖြစ်နေတာပါ။ ဒါ့ကြောင့် အရင်တိုင်းရင်းသားကိစ္စတွေမှာ အတွေ့အကြုံရှိခဲ့တဲ့ စစ်ထောက်လှမ်းရေးအရာရှိဟောင်းတွေကို ပြန်ပြီး အသုံးချဖို့အတွက် အခုလို လွှတ်ပေးတာဖြစ်နိုင်တယ်လို့ ရန်ကုန်က စာရေးဆရာတဦးက သုံးသပ်ပါတယ်။

"ထောက်လှမ်းရေးတွေကို ဘာကြောင့် လွှတ်လိုက်လဲဆို သူတို့က အခုလူမျိုးစုတွေနဲ့တိုက်နေတဲ့ စစ်ပွဲတွေမှာ ပြန်ပြီးတော့သူတို့ကို ကြားအဖြစ်နဲ့အသုံးချချင်လို့လားလို့ စဉ်းစားစရာရှိတယ်။ အဲဒီတော့ အထူးသဖြင့် အခုပြဿနာက ပိုပြီး ထိပ်တိုက်ဖြစ်နေတာကကချင်တပ်၊ KIO နဲ့ ဖြစ်နေတဲ့ပြဿနာက သူတို့အတွက် တော်တော်အရေးကြီးတဲ့ကိစ္စ။ ရှမ်းလောက်ကိုတော့ သူတို့က ကြီးကျယ်တယ်လို့ မပြောဘူး။ KIO ကိုတော့ သူတို့က ဖြိုဖို့ သိပ်မလွယ်လှဘူး။ အဲတော့ အဲဒီမှာ အသုံးချဖို့များ ဗိုလ်မှူးကြီးစန်းပွင့်တို့ကို နောက်ကွယ်က အကြံတောင်းပြီးတော့၊ သို့မဟုတ် နောက်ကွယ်ကနေ တဖက်လှည့်နဲ့ပဲသူတို့ အသုံးချလိမ့်မယ် ထင်ပါတယ်။"

ဒီလို သုံးသပ်ချက်တွေကြောင့် ထောင်ဒဏ် နှစ် ၄၀ ကျော်နဲ့ ပြစ်ဒဏ်ချခံထားရပြီး နေအိမ်မှာ ထိန်းသိမ်းခံထားရတဲ့ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့်ဟာ အခု ဇူလိုင်လထဲမှာဆိုရင် နေအိမ်အကျယ်ချုပ်သက်တမ်း ၆ နှစ်ရှိပါပြီ။ ဒါ့ကြောင့် အရင် တိုင်းရင်းသားကိစ္စတွေမှာ ဆောင်ရွက်ခဲ့ဖူးတဲ့ ဗိုလ်ချုပ်ကြီးဟောင်းခင်ညွန့် လွှတ်လာနိုင်စရာရှိပါသလား၊ ဗိုလ်မှူးဟောင်း ဦးအောင်လင်းထွဋ်ရဲ့ အမြင်ကတော့...

"ကျနော်ထင်တယ်ခင်ဗျ၊ ဗိုလ်ချုပ်ခင်ညွန့်ကိုလည်းသူတို့ ၂၀၀၉ ပတ်ဝန်းကျင်လောက်က ဗိုလ်ချုပ်ကြီးမြင့်ဆွေတို့ သွားပြီးတွေ့ခဲ့တဲ့ဖြစ်စဉ်တွေရှိခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့် အနေနဲ့ကတော့ အစိုးရအဖွဲ့ကိုပေ့ါ၊ အဲဒီအချိန်တုန်းကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့အပေါ်မှာ တော်တော်လေး စိတ်ပျက်တဲ့အနေအထားမျိုးရှိပါတယ်။"

အရင်တန်ပြန်စစ်ထောက်လှမ်းရေးအရာရှိဟောင်း ဦးအောင်လင်းထွဋ်ပြောပြသွားတာဖြစ်ပါတယ်။ နှစ်ရှည်ထောင်ဒဏ်တွေချခံထားရတဲ့ စစ်ထောက်လှမ်းရေး အရာရှိဟောင်းတွေပြန်လွှတ်လာတဲ့အတွက် နိုင်ငံရေးတက်ကြွလှုပ်ရှားမှုတွေကြောင့် နှစ်ရှည်ထောင်ဒဏ်တွေနဲ့အဖမ်းခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေ၊ တခြားနိုင်ငံရေး အကျဉ်းသားအားလုံးအတွက် မျှော်လင့်စရာ ပိုပြီးလမ်းစရလာတယ်လို့ ရန်ကုန်က စာရေးဆရာက သုံးသပ်ပါတယ်။

"အရပ်သားအစိုးရဆိုပြီးတော့ယူနီဖောင်းပြောင်းထားတဲ့အစိုးရအဖွဲ့ အနေနဲ့က ပီပီပြင်ပြင်အရပ်သားအစိုးရလည်း မဟုတ်သေးသလို အရင်အရိပ်ကနေ လွတ်သေးတာလည်းမဟုတ်တဲ့အတွက် အခုဟာက အရင် စစ်အစိုးရကာလလို သိပ်ပြီးတော့ လက်သိပ်ထိုးလုပ်လို့သိပ်မရဘူး။ မရတဲ့အခါကျတော့ သူတို့လွှတ်တော်တို့ ဘာတို့မှာ ဒီဟာတွေက ပြဿနာတွေ အမေးအဖြေတွေ ဖြစ်လာနိုင်တယ်။

"ကောင်းတာက အဲဒီလို လွှတ်လာတယ်ဆိုတဲ့ဟာ ကောင်းတယ်။ သူတို့ကို လွှတ်လိုက်တဲ့အတွက် ကျန်တဲ့ ရိုက်ခတ်ချက်တွေပါ အများကြီးဖြစ်လာနိုင်တယ်။ နိုင်ငံရေး အကျဉ်းသားတွေကိုလွှတ်ရေး၊ မလွှတ်ရေးကအစ၊ သူတို့အနေနဲ့ကလည်း အခုရက် ၁၀၀ ကာလအတွင်းမှာ ထိရောက်တဲ့ဟာ ဘာမှမလုပ်နိုင်ဘူး။ သူတို့ နည်းတခုခုတော့ ကြံလိမ့်မယ်လို့ ထင်ပါတယ်။ အခုဟာက သူတို့ ၂၀၁၄ အာဆီယံဥက္ကဋ္ဌ လုပ်ဖို့ကအစ နိုင်ငံရေးအကျဉ်းသားလွှတ်ပေးရေး၊ မလွှတ်ပေးရေးက ထိပ်တန်းပြဿနာဖြစ်နေတာကိုး။ အဲဒါကြောင့်အခုကတည်းကစပြီးတော့ သူတို့အတွက် လုံခြုံမှုအတွက်ရော၊ ထောက်လှမ်းရေးသမားတွေ

မျက်နှာဖုံးမှ

စတေးရကျိုးနပ်အောင် ဝိုင်းဝန်းကြိုးစားဖို့ကိုလည်း ဆိုပါတယ်။

"အဲဒီတော့ ဒီလို ဂါရဝပြုလောက်တဲ့၊ ပြုထိုက်တဲ့ ပုဂ္ဂိုလ်တွေ ကျမတို့နိုင်ငံမှာ ပိုပြီးတော့ ပေါ်လာအောင်လို့ ကျမတို့အားလုံး ဝိုင်းပြီးတော့ ဘယ်လိုလုပ်သင့်သလဲ ဆိုတာကိုလည်း စဉ်းစားစေချင်တယ်။ ကျမတို့ လိုချင်တဲ့ တိုင်းပြည်တခုဖြစ်ဖို့ဆိုတာ အချိန်ကြာပါဦးမယ်။ ကျမတို့အခု ၆၄ နှစ်မြောက် အာဇာနည်နေ့၊ ၆၄ နှစ်ဆိုတာ နည်းတဲ့အချိန်မဟုတ်ဘူး။ ဒီလိုလူငယ်တွေပေါ့၊ ဒီအချိန်တွေမှာကျမတို့ဟာ အာဇာနည်ကြီးများ အသက်စတေးရကျိုးနပ်တဲ့ တိုင်းပြည်တပြည် ဖြစ်လာအောင်လို့ ဝိုင်းဝန်းပြီး ကြိုးစားကြပါလို့ ဆော်သြရင်း နိဂုံးချုပ်ပါတယ်။"

မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဒီကနေ့ NLD ရုံးချုပ်မှာပြုလုပ်တဲ့ အာဇာနည်နေ့ အခမ်းအနားမှာပြောခဲ့တာ ဖြစ်ပါတယ်။ ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ ကျဆုံးခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေကို ဂုဏ်ပြုတဲ့ အခမ်း အနားကို ဗဟန်း ရွှေဂုံတိုင်က NLD ရုံးချုပ်မှာ ကျင်းပရာ ဝါရင့် နိုင်ငံရေးသမားကြီးတွေ၊ လူငယ်ကွန်ရက်တွေအပြင် သံတမန်တွေနဲ့ ပရိသတ် ၂,၀၀၀ လောက် တက်ရောက်ခဲ့တယ်လို့ NLD ပါတီ ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်က ပြောပါတယ်။

"၁၀ နာရီ ၃၇ မှာ ကျနော်တို့ နှစ်စဉ် အစဉ်အလာအတိုင်းပဲ ရုံးရှေ့မှာ အာဇာနည်ကုန်းဘက်ကို မျက်နှာမူပြီး စီစဉ်ထားတဲ့အတိုင်း ဥသြသံရှည်ကျနော်တို့အဖွဲ့ချုပ်ကစီစဉ်ပေးပါတယ်။ အဲဒီမှာကျနော်တို့ တမိနစ် ဦးညွှတ် အလေးပြုကြပါတယ်။ အဲဒီနောက် ၂ မိနစ်လောက် သီချင်းဖွင့်ပြီး မေတ္တာပို့သပါတယ်။ ၁၁ နာရီမှာ အခမ်းအနားစတာ ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားကို သံတမန်တွေလည်း တော်တော့်ကို စုံစုံလင်လင် တက်ရောက်ကြတာ တွေ့ရပါတယ်။ နောက် ကဗျာဆရာ ၅ ဦးက အာဇာနည်များ ဂုဏ်ပြုထားတဲ့ ကဗျာတွေ အသီးသီးရွတ်ဆိုကြပါတယ်။"

မနှစ်နိုဝင်ဘာလ နေအိမ်အကျယ်ချုပ်က လွတ်လာအပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဟာ ၉ နှစ်တာကာလ အတွင်း ဒါ ပထမဆုံးအကြိမ်အဖြစ် အစိုးရက စီစဉ်တဲ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါတယ်။

ဒါ့အပြင် NLD ရုံးချုပ်မှာပြုလုပ်တဲ့ အခမ်းအနားအပြီး နေ့လယ် ပိုင်းမှာ ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ NLD ပါတီ ခေါင်းဆောင်တွေ၊ NLD ပါတီ အမျိုးသမီးအဖွဲ့ ခေါင်းဆောင်တွေနဲ့အတူ နောက်တခါပြန် ပြီး အာဇာနည်ကုန်းမှာ ဂါရဝသွားပြုတဲ့အခါ အာဏာပိုင်တွေက အတား အဆီးအဟန့်အတားမရှိ အားလုံးအဆင်ပြေခဲ့တယ်လို့ပြောပါတယ်။

"အားလုံး အဆင်ပြေပြေ ချောချောမောမောပါ၊ အေးအေးဆေးဆေးပါ။ ဘာပဲပြောပြော အခုလို တယောက်နဲ့တယောက် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်လိုက်တဲ့ အတွက်ကြောင့် အစိုးရဘက်လည်း သိက္ခာတက်တယ်။ ညှိနှိုင်းဆောင်ရွက်ခြင်းရဲ့ ရလဒ်ကောင်းတခုလို့ ကျနော်တို့ ဘက်ကတော့ အဲဒီလို မှတ်ယူပါတယ်။ ဘယ်လိုကိစ္စမဆို ကျနော်တို့ ဘက်ကတော့အခုတက်ရောက်လာတဲ့အစိုးရသစ်နဲ့ကျနော်တို့နဲ့ပထမ ဆုံးကိစ္စတခုပေါ့ဗျာ၊ ညှိပြီး ဆောင်ရွက်လိုက်တာဟာ အောင်မြင်မှုရတယ်လို့ ကျနော်တို့က ဒီလိုမှတ်ယူပါတယ်။"

NLD ပါတီရဲ့ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ပြောပြခဲ့ တာ ဖြစ်ပါတယ်။ ဒီကနေ့ ကျရောက်တဲ့ ၆၄ နှစ်မြောက် အာဇာနည်နေ့အတွက် NLD ပါတီရဲ့ထုတ်ပြန်တဲ့ ကြေညာချက်ထဲမှာလည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဟာ ပြင်သာပြောင်းသာစွာနဲ့ တွေ့ဆုံဆွေးနွေးမယ်လို့ မကြာခဏပြောနေသလို ဒီဆွေးနွေးမှုတွေဟာ NLD ပါတီအတွက်ရော အာဏာပိုင်တွေအတွက်ပါ ကောင်းစားဖို့ ဦးတည် ဆွေးနွေး တာမျိုးမဖြစ်သင့်ဘဲ လူထုကောင်းစားရေးအတွက်သာဖြစ်ရမယ်ဆိုတာ နဲ့အတူ နိုင်ငံရေးအကျဉ်းသားအားလုံးကို အမြန်လွှတ်ပေးပြီးနိုင်ငံရေး အဓိပ္ပာယ် ပြည့်ဝတဲ့ပတ်ဝန်းကျင် အခြေအနေကောင်းတွေ ဖန်တီးရင်း အမျိုးသားပြန်လည်သင့်မြတ်ရေးကို သွားဖို့အတွက်ကိုလည်း တိုက်တွန်းထားပါတယ်။

## မြန်မာကြောင့် အာဆီယံစည်းလုံးမှုထိခိုက်နိုင်ကြောင်း ဟီလာရီကလင်တန် ပြောဆို

**RFA | ဂျူလိုင် ၂၂ ။ ။** မြန်မာအစိုးရအနေနဲ့နိုင်ငံရေးအကျဉ်းသားတွေ ပြန်လွှတ်ပေးရေးနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးရေးကို ငြင်းဆန်နေမယ်ဆိုရင် အာဆီယံရဲ့ စည်းလုံးညီညွတ်မှုကို ထိခိုက်လာ နိုင်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဒီကနေ့ ပြောလိုက်ပါတယ်။

အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာပြုလုပ်နေတဲ့ အာဆီယံ ဒေသဆိုင်ရာ လုံခြုံရေးညီလာခံ မိန့်ခွန်းပြောရာမှာ မစ္စက်ကလင်တန်က အခုလိုပြောလိုက်တာပါ။ ဒါ့ပြင် မြန်မာကို အာဆီယံအလှည့်ကျ ဥက္ကဋ္ဌ တာဝန်ပေးမယ်ဆိုရင် အဖွဲ့ကြီးရဲ့ဂုဏ်သိက္ခာနဲ့ ဦးဆောင်မှု အခန်း ကဏ္ဍ ကျဆင်းမသွားအောင် တာဝန်ယူနိုင် မယူနိုင်ဆိုတာကို အာဆီယံအနေနဲ့ ထည့်သွင်းစဉ်းစားသင့်တယ်လို့လည်းပြောပါတယ်။

မြန်မာ့အရေးဟာ အာဆီယံအတွက် အဓိက ကိုင်တွယ်ဖြေရှင်း ရမယ့် စိမ်ခေါ်မှုတခုဖြစ်တယ်လို့ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးက ပြောပါတယ်။ မြန်မာအစိုးရအနေနဲ့ ပြည်သူတွေရဲ့ ယုံကြည်ကိုးစားမှုနဲ့ နိုင်ငံတကာအဝန်းအဝိုင်းရဲ့ လက်ခံယုံကြည်မှုကို ပြန်ရအောင် လုပ်မလား၊ ဒါမှမဟုတ် လက်ရှိသွားနေတဲ့ ကျရှုံးမှုလမ်းကြောင်းကို ဆက် လိုက်မလားဆိုတဲ့ ၂ ခုထဲက တခုကို ရွေးချယ်ဖို့သာရှိတော့ကြောင်း လည်း မစ္စက်ကလင်တန်ကပြောပါတယ်။

ဆက်လက်ပြီး မြန်မာအစိုးရရဲ့ ထွက်ပေါက်မရှိ ချောင်ပိတ်မိ နေတဲ့ အနေအထားဟာ အာဆီယံရဲ့အနာဂတ်ကို ထိခိုက်လာစေနိုင် ကြောင်း၊ နိုင်ငံတကာ အဝန်းအဝိုင်းက လိုလားတောင်းဆိုနေတဲ့အတိုင်း မြန်မာအစိုးရဆောင်ရွက်လာရေးအတွက် စည်းရုံးဆွဲဆောင်ရာ မှာ အာဆီယံအဖွဲ့ရဲ့ အကူအညီလိုအပ်ကြောင်း ဝန်ကြီးကလင်တန် က ပြောပါတယ်။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးမစ္စက်ကလင်တန်ဟာအာဆီယံ အစည်းအဝေးအတွင်း မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်နဲ့ တွေ့ဆုံဖို့မရှိဘဲ၊ အာရှ-ပစိဖိတ်ရေးရာ အမေရိကန်လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Kurt Campbell ကသာ အခုသီတင်းပတ် စောစောပိုင်းမှာ ဦးဝဏ္ဏမောင်လွင်ကို တွေ့ဆုံခဲ့ကြောင်း အမေရိကန်အရာ ရှိတွေကပြောပါတယ်။

# မိုးကြီးပြီး ရေများလာလို့ ကြောင်နတိုးဆည်ဖောက်မှု စိုက်ပျိုးသီးနှံတွေပျက်ဆီး

**RFA ၊ ဂျူလိုင် ၂၂။** ။ မကွေးတိုင်း ငဖဲမြို့နယ်အတွင်း အခုရက်ပိုင်းမှာ မိုးအဆက်မပြတ်ရွာပြီး ရေများလာတာကြောင့် ကြောင်နတိုးဆည်က ဆည်ရေဖေါက်ချလိုက်တဲ့အတွက် စကုမြို့နယ်အတွင်းရှိ ကျေးရွာ ၄၀ လောက်က စိုက်ပျိုးထားတဲ့သီးနှံတွေ ပျက်စီးခဲ့ပါတယ်။

ဒေသခံတစ်ဦး။ ။ "စကုမြို့ရဲ့အထက်မှာက ရွှေစက်တော် ငဖဲမြို့နယ် ကြောင်နတိုးဆည်ဆိုတာရှိတယ်။ အဲဒီဆည်က မိုးရာသီမှာ မိုးများလာလို့ရှိရင် ဆည်မှာရေဖွင့်ချလိုက်တာက အောက်ဖက်မှာရှိတဲ့ ကိုင်းတွေ ယာတွေထဲမှာရှိတဲ့ အသီးအနှံတွေကတော့ တောက်လျှောက် ပျက်စီးတာပဲဗျ။ နှမ်းဆိုရင် နှမ်းတောင်တွေက ပုံထားတာတွေ ပျက်စီးတာတွေရှိတယ်။ ပြောင်းဆိုရင် ရေဝင်သွားတယ်ဆိုရင် ရောင်းလို့ မရတော့ဘူး။ တိုင်တောင်ပဲတွေ တခြား ကိုင်းသီးနှံတွေ မုံလာဥခင်းတို့ အားလုံးပျက်စီးကုန်တယ်။ အခုဆို တောက်လျှောက်ရေက မကျသေးဘူး။ စကုမြို့ပေါ် မန်းကင်းရပ်ကွက်ပေါ့။ အိမ်သာတွေ ရေတုံကင်တွေ အားလုံးမြုပ်သွားတယ်။"

တကယ်တော့ ဒီဆည်ကနေ ရေဖေါက်ချလို့ အခုလို ရေနစ်နေရတာ နှစ်စဉ်နှစ်တိုင်းလိုဖြစ်နေပေမဲ့ အာဏာပိုင်တွေက အခုအချိန်အထိကြိုတင်ကာကွယ်နိုင်အောင်လုပ်မပေးခဲ့ဘူးလို့သူကပြောပါတယ်။

"ဒီဆည်မှာ မိုးများလာလို့ထိမ်းမထားနိုင်ဘူးဆိုရင် ကြိုပြီးတော့ ရေလွှတ်တာတို့မလုပ်ပဲနဲ့ သူတို့က ဆည်မထိမ်းနိုင်တော့ဘူးဆိုမှရေဖွင့် ဖွင့်ချတဲ့အခါကျတော့ အခု မန်းချောင်း ဝဲယာမှာရှိတဲ့ ရွာတွေပျက်စီးတာက နှစ်စဉ်နှစ်တိုင်းလိုဖြစ်နေတယ်။ သဘာဝပတ်ဝန်းကျင်ထိလို့ ပျက်စီးဆုံးရှုံးသွားတယ်ဆိုတာ တမျိုးပေါ့ဗျ။ ဒါတွေက အာဏာပိုင်တွေက စီမံခန့်ခွဲမှု အစီအမံကောင်းမယ်ဆိုရင် ကာကွယ်တားဆီးနိုင် ပါလျက်နဲ့ သူတို့ သေသေချာချာအလုပ်မလုပ်တဲ့အတွက်ကြောင့် ပျက်စီးဆုံးရှုံးရတယ်ဆိုတာ နှစ်စဉ်နှစ်တိုင်း ဖြစ်နေတဲ့အတွက် ဒေသခံတွေ အများကြီးနစ်နာတယ်။ မဖြစ်သင့်ဘူးလို့ ပြောချင်တယ်ဗျ။"

ပျက်စီးဆုံးရှုံးသွားတဲ့ စိုက်ပျိုးသီးနှံဧက အနည်းဆုံး ရာဂဏန်း ရှိတယ်လို့လည်း သူကပြောပါတယ်။ ကြောင်နတိုးဆည်ဟာ ဧက ၅ သောင်းလောက်ကို ရေပေး ဝေနေတာဖြစ်ပြီး မိုးရာသီမှာ ရေဖေါက်ချရတဲ့အဆင့်အထိ ဖြစ်နေပေမဲ့ နွေရာသီ နွေစပါးစိုက်ပျိုးချိန်မှာ ရေကို လုံလောက်အောင်မပေးနိုင်ဘူးလို့လည်းသိရပါတယ်။

---

# နိုင်ငံရေးပါတီခေါင်းဆောင်တွေ နေပြည်တော်ဆင့်ခေါ်

**RFA ၊ ဂျူလိုင် ၂၁။** ။ နိုင်ငံရေးပါတီတွေအားလုံးက ခေါင်းဆောင်တွေကို ဇူလိုင် ၂၇ ရက်နေ့အရောက် နေပြည်တော်ကို မပျက်မကွက် လာရောက်ဖို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆင့်ခေါ်ထားတယ်လို့ သိရပါတယ်။

တည်ဆဲ ၃၇ ပါတီက တစ်ပါတီကို ခေါင်းဆောင် ၂ ဦးကျစီလာရောက်ဖို့ဖိတ်ကြားထားတာဖြစ်ပြီး တက်ရောက်မည့်သူ နာမည်စာရင်းကို မနက်ဖြန် ဇူလိုင်လ ၂၂ ရက်နေ့ နောက်ဆုံးထား အကြောင်းပြန်ဖို့ ညွှန်ကြားထားတယ်လို့ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီဥက္ကဌ ဒေါက်တာအေးမောင်က ပြောပါတယ်။

ဥက္ကဌ၊ အတွင်းရေးမှူး စသဖြင့် ၂ ဦးကျစီဖိတ်ကြားထားကြောင်း ၂၇ ရက်နေ့ မနက် ၁၀ နာရီမှာ တက်ရောက်ရမှာဖြစ်ကြောင်း သူက ပြောပါတယ်။

နိုင်ငံရေးပါတီအားလုံးက ခေါင်းဆောင်တွေကို နေပြည်တော်ကို လာဖို့ ဒီလို ဆင့်ခေါ်တာဟာ အခု ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲဥပဒေ၊ ပါတီဖွဲ့စည်းရေးဥပဒေတွေနဲ့ ပတ်သက်လို့ ဆွေးနွေးမှာဖြစ်ကြောင်းသာ ဖိတ်စာမှာဖော်ပြထားပြီး ခေါ်ယူတဲ့အကြောင်းရင်း အသေးစိတ်ကိုမသိရှိကြောင်း NDF အမျိုးသားဒီမိုကရေစီအင်အားစုဥက္ကဌ ဒေါက်တာသန်းငြိမ်းက ပြောပါတယ်။

အမည်မဖော်လိုတဲ့ နိုင်ငံရေးပါတီခေါင်းဆောင်တဦးကတော့ ရွေးကောက်ပွဲကော်မရှင်က အခုလိုခေါ်ယူတာဟာ နိုင်ငံရေးပါတီတွေကို ပြည်ပသတင်းမီဒီယာတွေနဲ့ ဆက်သွယ်ပြောဆိုခြင်း မပြုဖို့၊ ပါတီတွေ စုပေါင်းမဟာမိတ်ဖွဲ့မှု၊ ကြေညာချက်ထုတ်ပြန်မှုစတဲ့ ကိစ္စတွေနဲ့ ပတ်သက်လို့ ခေါ်ယူသတိပေးဖို့ ဖြစ်နိုင်တယ်လို့ ပြောပါတယ်။

---

# ကြံ့ဖွံ့ပါတီ ကျပ် သိန်းပေါင်း တ သိန်း ထုတ်ချေး

**MIZZIMA ၊ ဂျူလိုင် ၂၂။** ။ ချေးငွေယူလျှင် ပါတီဝင်ရသည့် ကျပ်သိန်းပေါင်း တသိန်း အား ရန်ကုန်တိုင်းအတွင်း ထုတ်ချေးခဲ့ကြောင်း အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီတိုင်းတာဝန်ခံ ဦးအောင်သိန်းလင်းက ပြောသည်။

ကြာသပတေး မနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း ကြံ့ဖွံ့ရုံးချုပ်၌ ကျင်းပသော ၎င်းတို့ပါတီနှင့် အခြား ၅ ပါတီမှ လူငယ်များ ဂျပန်သွားရောက်ခဲ့သည့် ခရီးစဉ်အကြောင်း ရှင်းလင်းသည့် အခမ်းအနား၌ ပြောဆိုခဲ့ခြင်းဖြစ်သည်။

အတိုးနှုန်း ၂ ကျပ် ယူသည့် အသေးစား ချေးငွေသိန်းပေါင်း ၇ သောင်းနှင့် လယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေ သိန်းပေါင်း ၃ သောင်း ထုတ်ချေးခဲ့ကာ၊ ရရှိလာမည့်အတိုးများကို လူထုကျန်းမာရေးအတွက် ဆောင်ရွက်မည်ဟု ဦးအောင်သိန်းလင်းက ပြောသည်။ သူသည် လက်ရှိ တောင်ဥက္ကလာပ ပြည်သူ့လွှတ်တော်အမတ် ဖြစ်ပြီး ရန်ကုန်မြို့တော်ဝန်ဟောင်းလည်းဖြစ်သည်။

ရွှေပြည်သာမြို့နယ်မှ ကြံ့ဖွံ့ပါတီ စည်းရုံးရေးမှူးတဦးက " မြို့နယ်ကို ဒီလောက်ငွေချေးပေးနေတာ ပါတီကိုလည်း သိတတ်ရမှာပေါ့၊ ပြည်သူနဲ့ အပြန်အလှန်ပေါ့ ဆိုတာမျိုး ပြည်သူကိုပြောပြတယ်။ ပြီးတော့ သူတို့ကို ငွေချေးတယ်။ လူတွေကလည်း ပါတီဝင်ကြတယ်။ ငွေချေးလို့လေ" ဟုဆိုသည်။ မြောက်ဥက္ကလာပမြို့ခံတဦးကလည်း "ကျမတို့ကို တယောက်ကို ၃ သောင်းချေးတယ်။ ကျမတို့အဖွဲ့မှာခေါင်းဆောင် တယောက်ပါတယ်။ ငွေချေးတာ အပေါင်တော့ မပေးရဘူး။ ဒါပေမဲ့ ပါတီတော့ ဝင်ရတယ်" ဟုပြောသည်။

ဦးအောင်သိန်းလင်းက ရန်ကုန်၌ ဖြိုးစေတနာ အခမဲ့ဆေးခန်း ၃၅ ခု ဖွင့်လှစ်ခဲ့သလို သမိုင်းလမ်းဆုံတွင် ၆ ထပ်ဆေးရုံဖွင့်ကာ အခမဲ့မျက်စိခွဲစိတ်ပေးနေပြီး အင်းစိန် GTI ၌ အခမဲ့ ကျောက်ကပ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ကြောင်းနှင့် မကြာမီတွင် အခမဲ့ သားဖွားဆေးရုံ ဖွင့်လှစ်မည်ဖြစ်ကြောင်းပြောဆိုခဲ့သေးသည်။

## မြန်မာအပေါ် စီးပွားရေးပိတ်ဆို့မှု သက်တမ်းထပ်တိုး

**RFA ၊ ဂျူလိုင် ၂၀ ။ ။** မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုတွေ မဖေါ်ထုတ်တဲ့အတွက်အမေရိကန်အစိုးရက လွန်ခဲ့တဲ့ ၂၀၀၃ ခုနစ်ကစတင်ပြီး ချမှတ်ထားတဲ့စီးပွါးရေးပိတ်ဆို့မှုတွေကို ဇူလိုင်လ ၂၀ ရက်နေ့ ညနေပိုင်းက အမေရိကန်အောက်လွှတ်တော်က ထပ်မံ သက်တမ်း တိုးမြှင့် လိုက်ပါတယ်။

ဒီမိုကရေစီရေး အပြောင်းအလဲတွေ မပေါ်ပေါက်လာသေးတဲ့အတွက် ဒီစီးပွါးရေးပိတ်ဆို့မှုတွေကို အမေရိကန်ကွန်ဂရက်စ် လွှတ်တော်မှာတနှစ်တခါထပ်ထပ်ပြီးသက်တမ်းတိုးမြှင့်နေတာဖြစ်ပါတယ်။

မနေ့က အောက်လွှတ်တော်မှာ ဆုံးဖြတ်ခဲ့တာနဲ့ပတ်သက်ပြီး မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ညွှန်ကြားရေးမှူးဦးအောင်ဒင်ကအောက်လွှတ်တော်အမတ်တွေအကြား ဆန့်ကျင်ကန့်ကွက်မှုတွေမရှိဘဲအလွယ်တကူ ဆုံးဖြတ်ထောက်ခံခဲ့ကြတယ်လို့ ပြောပါတယ်။

ဒီဥပဒေဟာ မြန်မာ့ကုန်ပစ္စည်းတွေ အမေရိကန်ပြည် ထောင်စုကိုတင်သွင်းခွင့်ပိတ်ပင်ပြီး မြန်မာအစိုးရအရာရှိကြီးတွေကို ဗီဇာပြည်ဝင်ခွင့် ကန့်သတ်ဟန့်တားထားတဲ့ ဥပဒေဖြစ်ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဒီမိုကရက်တစ်ပါတီအမတ်ဂျိုးဇက် ကရော်လီက - အခုကိစ္စဟာ စစ်ရာဇဝတ်မှုတွေအပေါ် အမေရိကန်ကလျစ်လျူရှု မျက်ကွယ်ပြုမှာမဟုတ်ဘူးဆိုတာကို ထင်ထင်ရှားရှားပြသတာဖြစ်သလို၊ အမေရိကန်အစိုးရဟာ မြန်မာ့လူ့အခွင့်အရေးလှုပ် ရှားသူတွေရဲ့ မိတ်ဆွေဖြစ်ကြောင်း၊ မြန်မာပြည်သူတွေကို ဘက်ပေါင်းစုံကထောက်ခံအားပေးဖို့ မိမိတို့အနေနဲ့ လုပ်သင့်လုပ်ထိုက်တာ မှန်သမျှဆက်လက်ဆောင်ရွက်နေရာမှာ အခုလို စီးပွါးရေးပိတ်ဆို့ အရေးယူမှုသက်တမ်းထပ်တိုးတာလည်းပါဝင်ကြောင်း၊ မကြာခင်မှာ မြန်မာနိုင်ငံက လူ့အခွင့်အရေးချိုးဖေါက်မှုတွေကို စုံစမ်းစစ်ဆေးနိုင်မှာဖြစ်သလိုဒီဖြစ်ရပ်တွေလည်း နိဂုံးချုပ်ရမှာဖြစ်ကြောင်း ပြောပါတယ်။

နောက်တဆင့်အနေနဲ့ ဆီးနိတ်အထက်လွှတ်တော်မှာ ဒီနေ့ဆက်လက် ဆွေးနွေးမယ်လို့လည်းသိရပါတယ်။ ဘယ်လို အဖြေထွက်လာနိုင်တယ်ဆိုတာနဲ့ပတ်သက်ပြီး မေးကြည့်တဲ့အခါမှာ ဦးအောင်ဒင်က အခုလို ပြောပြပါတယ်။

"နက်ဖြန် ဆီးနိတ်အထက်လွှတ်တော်က အချိန်ရှိရင် မဲခွဲမယ်။ အချိန်မရှိရင်တော့ နောက်တရက်ပေါ့။ မဲခွဲဆုံးဖြတ်ပြီးလို့ အထက်အောက်လွှတ်တော် နှစ်ရပ်လုံးကအတည်ပြုပြီးရင်တာ့ သမ္မတလက်မှတ်ထိုးပြီးရင်တော့ အတည်ဖြစ်သွားပါပြီ။ ဆီးနိတ်ကလည်းအတည်မပြုနိုင်စရာ အကြောင်းမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ ဒီ ဥပဒေမူကြမ်းကို အဆိုတင်သွင်းကတည်းက လွှတ်တော်အမတ်တရာထဲမှာ ၅၆ ယောက်က စုပေါင်းတင်သွင်းထားတာပါ။"

---

**စာမျက်နှာ ၂ မှ**

ကို အသုံးချတာလည်းဖြစ်နိုင်တယ်။"ရန်ကုန်က စာရေးဆရာသုံးသပ်ခဲ့တာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၀၄ အောက်တိုဘာလမှာ စစ်ထောက်လှမ်းရေးတွေကို ဖမ်းဆီး အပြစ်ပေးခဲ့တဲ့အထဲ ဗိုလ်ချုပ်ကြီးဟောင်း ခင်ညွှန့်နဲ့အတူသူ့ရဲ့ အရာရှိ ၃၀ ကျော်ကို နှစ်ရှည်ထောင်ဒဏ်တွေနဲ့ ဖမ်းဆီးအပြစ်ပေးခဲ့သလို သူတို့နဲ့ပတ်သက်သူတွေ၊ သူတို့ရဲ့ မိသားစုဝင်တွေကိုပါဖမ်းဆီး ထောင်ချထားတာ ဖြစ်ပါတယ်။

## မြန်မာနိုင်ငံမှာ ဘဏ္ဍာရေးပြဿနာ ပေါ်ပေါက်နေ

**RFA ၊ ဂျူလိုင် ၁၉ ။ ။** နေပြည်တော်ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ သုံးလအတွင်း လူနှစ်သောင်းကျော် အလုပ်လက်မဲ့ ဖြစ်သွားရတာဟာ မြန်မာနိုင်ငံမှာ ဘဏ္ဍာရေးပြဿနာပေါ်ပေါက်နေပြီဆိုတာ ညွှန်ပြနေတာဖြစ်ကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ NCUB က ကြေညာချက် ထုတ်ပြန်လိုက်ပါတယ်။

ဘဏ္ဍာရေးပြဿနာကြောင့် ငွေကြေးဖေါင်းပွမှုနဲ့အတူ ဈေးကွက်ထိခိုက်မှုတွေပေါ်ပေါက်လာပြီး လစာနည်းအစိုးရဝန်ထမ်းတွေ၊ တပ်မတော်သားတွေ၊ ရဲဝန်ထမ်းတွေအပါအဝင် ပြည်သူအများ စားဝတ်နေရေးဒုက္ခတွေ ပိုမိုဖိစီးလာနိုင်ကြောင်း စစ်တပ်တွင်းမှာလည်း လစာမပေးနိုင်တဲ့ပြဿနာတွေ ပေါ်ပေါက်နေတယ်ဆိုတာ ကြားသိနေရကြောင်း NCUB အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က အာအက်အေ ကိုပြောပါတယ်။

အဲဒါကြောင့် တနိုင်ငံလုံး ငွေကြေးအကြပ်အတည်းနဲ့ ရင်ဆိုင်နေရတဲ့အခြေအနေမှာ နိုင်ငံအတွက် သက်ဆိုင်သူတွေအားလုံးပါဝင်ပြီး ညှိနှိုင်းဆောင်ရွက်နိုင်မယ့် အပြောင်းအလဲတွေလုပ်ဖို့လိုအပ်နေပြီဆိုတာ ကြေညာချက်ထုတ်ပြန်ရတာဖြစ်ကြောင်းလည်း ပြောပါတယ်။

"အနှစ်သာရကတော့ ဗမာပြည်မှာ နိုင်ငံရေးစနစ်ပြင်ဖို့ လိုတဲ့အကြောင်းပါ။ စီးပွါးရေးလုပ်ငန်းတွေလုပ်တဲ့နေရာမှာလည်း တိုင်းပြည်က ပတ်သက်တဲ့လူတွေကို ဆွေးနွေးဖို့လိုတယ်။ စီးပွါးရေးစနစ်ကို စီမံခန့်ခွဲနေတဲ့ နိုင်ငံရေးစနစ်ကို ပြောင်းဖို့လိုတယ်လို့ ပြောတာပါ။"

ပြီးခဲ့တဲ့ ၂၀၀၃ ခုနစ်တုံးကလည်း ဘဏ္ဍာရေးပြဿနာ ကြုံတွေ့ခဲ့ရဖူးကြောင်း၊ အခုတကြိမ် ငွေကြေးအကြပ်အတည်း ပေါ်ပေါက်ရတာဟာ ပြည်ပက စီးပွားရေးပိတ်ဆို့မှုတွေကြောင့်မဟုတ်ဘဲတိုင်းပြည်ရဲ့ သယံဇာတ ရောင်းရငွေတွေကို အနုမြူသုတေသနနဲ့ဒုံးကျည်ထုတ်လုပ်ရေးအစီအစဉ်တွေမှာ သုံးစွဲနေတာကြောင့် ဖြစ်ကြောင်းကြေညာချက်မှာ ထောက်ပြထားပါတယ်။

---

## ဆရာကြီးသခင်ကိုယ်တော်မှိုင်း အထိမ်းအမှတ်ကျင်းပ

**RFA ၊ ဂျူလိုင် ၂၂ ။ ။** ငြိမ်းချမ်းရေးဗိသုကာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း ၄၇ နှစ်ပြည့်အထိမ်းအမှတ် ကျင်းပဖို့ မိသားစုဝင်တွေ ပြင်ဆင်နေတယ်လို့ သတင်းရရှိပါတယ်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောဓမ္မာရုံမှာ မနက်ဖြန် ဇူလိုင်လ ၂၃ ရက် မနက် ၇ နာရီကနေ စတင်ကျင်းပမှာဖြစ်ပါတယ်။ မိသားစုဝင်တဦးက RFA ကို အတည်ပြုပြောဆိုခဲ့ပြီး ဖိတ်စာနဲ့ဖိတ်ကြားမှာမဟုတ်တဲ့အကြောင်းပြောပါတယ်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကွယ်လွန်ခြင်း နှစ်လည်အခမ်းအနားမှာ အရင်နှစ်က ကဗျာရွတ်ဆိုပွဲရှိခဲ့သလို ဒီနှစ်မှာလည်း ကဗျာရွတ်ပွဲရှိတဲ့အကြောင်းနဲ့လူငယ်တွေလည်း တက်ရောက်ကြမည့်အကြောင်းသိရပါတယ်။ ဆရာကြီးဟာ ၁၈၇၆ ခုနှစ် မတ်လ ၂၃ ရက်နေ့မှာ မွေးဖွားပြီး၊ ၁၉၆၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှာကွယ်လွန်ခဲ့တာပါ။ ဆရာကြီးရဲ့ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက် ရေးလှုပ်ရှားမှု၊ ပြည်တွင်းငြိမ်းချမ်းရေး လှုပ်ရှားမှုတွေ ထင်ရှားသလို၊ စာပေကဝိပညာရှိကြီးတဦးအဖြစ် အများက လေးစားကြည်ညိုကြပါတယ်။

# အားလပ်ရက် (၁)

ဗမာပြည်မှပေးစာ

(၂၀၁၁၊ ဂျူလိုင်လ ၁၉ ရက်ထုတ် ဂျပန်နိုင်ငံ မိုင်အိနိချိသတင်းစာပါ ဒေါ်အောင်ဆန်းစုကြည်ရဲ့ Holiday (1) ကို မောင်မောင်လှကြိုင် ဘာသာပြန်ပါသည်။) "မြန်မာပြည်မှစာ"ကဏ္ဍမှ ဆောင်းပါးဖြစ်ပါသည်၊

အခုအချိန်မှာ နှစ်ပေါင်းများစွာအတွက် အားလပ်ရက်များဟာ ကျွန်မအဘို့ အတိတ်ဖြစ်ရပ်များရဲ့လျှပ်တပြက်ပုံရိပ်များအဖြစ် ထင်ထင်ရှားရှားနဲ့ ကွာလှမ်းခဲ့ကြပါပြီ။ ဟိမဝန္တာတောင်တန်းများမှာ-စွဲမက်စရာ ကျာပွတ်များနဲ့ အိန္ဒြေရတဲ့မြည်းရဲ့ကျောကုန်းထက်မှာ စီးလျက် မော်ကပ်ပင်များဖြင့် ပန်းဆိုင်းပန်းကုံးများသဖွယ် စီခြယ်ထားတဲ့သစ်တောများရဲ့တောင်လမ်း တလျှောက်ကိုတက်လှမ်းခဲ့တာ၊ မြက်များထူတဲ့ တောင်စောင်းမှာထိုင်ရင်း မြူခိုးဝေပြီး အရိပ်ကောင်းတဲ့ မြေပြင်များကိုကြည့်ကာ ဘဲဥပြုတ်မာမာများနဲ့ထမင်းခြောက်များကိုစားခဲ့တာ ခတ်မန္တူမှာဗုဒ္ဓဘာသာဘုန်းကြီးကျောင်းများနဲ့ ဟိန္ဒူဘုရားကျောင်းများကို လျှောက်သွားခဲ့ပြီးနောက်အမေရိကန်မြေပဲချောကလက်များကြောင့် ထင်ရှားတဲ့ ကော်ဖီဆိုင်ကလေးမှာ အဆုံးသတ်ခဲ့တာ၊ အပျော်စီးဖောင်နဲ့ခရီးမြန်နှင်ခဲ့တာ၊ ချုံရိုင်းများမှ ရုန်းဆွတ်ခဲ့တဲ့ ကုလားဆီးဖြူသီးချဉ်ချဉ်တွေမြုံ့ရင်း ဆင်ကျောကုန်းပေါ်က ကျားကိုကြည့်ခဲ့တာ၊အိန္ဒိယ နိုင်ငံရဲ့အရှေ့မြောက်ရှေ့တန်းဒေသမှာ တိဘက်ဘုန်းကြီးများရဲ့ ညှို့ဆွဲဖမ်းစားတဲ့ခြေလှမ်းများဖြင့်ကပြတဲ့ သေမင်းတမန်အက သရုပ်ဆောင်ဖျော်ဖြေမှုကို ကြည့်ခဲ့တာတွေပေါ့။

ဆွစ်ရေကန်ကိုအပေါ်စီးမှကြည့်ရင်း ရဲတိုက်ထဲမှာလာဘက်ရည်အတွက် နှင်းဆီသီးယိုကို နေ့စဉ်အသားပေးထားတဲ့ အရသာရှိ အစားအစာကို ပျော်ရွှင်စွာစားသုံးခဲ့ကြပါတယ်။ အင်္ဂလန်ရဲ့ရေကြောင်းအတွင်း ကွေ့ကောက်သွားလာနေတဲ့ တူးမြောင်းသွား လှေပေါ်မှာ မိသားစုခွေး ကလေးကို ပေါင်းမိုးပေါ်တင်ကာ ပကတိတည်ငြိမ်နေတဲ့ စိမ်းလန်းမြင်ကွင်းများကို ခြုံသိုင်းကြည့်ခဲ့ပါတယ်။ ကျယ်ပြန့်ပြန့် စကော့တလဲန်ရဲ့ ညိုမှိုင်းမှိုင်းသမုဒ္ဒရာရှိ ဖျံအချို့ကစားရာ 'တိုင်ရီး'ကျွန်းရဲ့ သဲလွင်ပြင်များပေါ်မှာ စခန်းချခဲ့ကြပါတယ်။

ရုပ်လွှာပုံရိပ်များဟာ အရောင်သွေးစုံစွာစိတ်ဝင်စားနှစ်သက်ဘွယ်များနဲ့ ပြည်ဝလျက် အံ့မခန်းပါပဲ။ ဒါပေမင့် တခုချင်းစီမှာတော့ စိတ်ကူး ယဉ်ဆန်ဆန်အရည်အသွေးများရှိနေပါတယ်။

ဒါကြောင့်လဲ ဖွန်လထဲကျရောက်မဲ့ ကျွန်မရဲ့မွေးနေ့ကိုရောက်လာတဲ့ ကျွန်မသား မောင်ထိန်လင်း(ကင်းမ်)က ကျွန်မကို အားလပ်ရက်အဖြစ်ခရီးထွက်မယ်လို့ပြောတော့ စိတ်ကူးယဉ်ဆန်ဆန်အဆို ပြုတာပဲလို့ ကျွန်မအထင်ရောက်သွားတာ အံ့သြစရာမဟုတ်တော့ပါ။ ဒါပေမင့် ဆွေးနွေးတိုင်ပင်မှုနဲ့ စဉ်းစားတာအချို့အပြီး အနှစ်နှစ်ဆယ်ကျော် အကြာမှာ ပထမဦးဆုံးအကြိမ် အချိန်တိုအားလပ်ရက်အဖြစ်ကျွန်မဆုံးဖြတ်တာဟာ အဓိပ္ပါယ်မဲ့ မဟုတ်ပါ။

ဒါကြောင့် ကျွန်မတို့ အစီအစဉ်များရေးဆွဲကြခဲ့ပါတယ်။ မုတ်သုန်ရာသီရဲ့အင်အားပြည့်ရွာသွန်းနေချိန်မှာ နိုင်ငံရဲ့အလယ်ပိုင်းဒေသ "အပူပိုင်းဇုံ"ကို ရွေးချယ်လိုက်တာ လက်တွေ့ကျခဲ့ပါတယ်။ ၁၉ရာစုနှောင်းပိုင်းတုန်းက အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံရဲ့နောက်ဆုံး ဘုရင်ကို ဖမ်းသွားခဲ့တဲ့ မန္တလေးမြို့ရှိပါတယ်။ သို့မဟုတ် ပုဂံမြို့လဲရှိပါတယ်။ ရှေးဟောင်းမြို့တော်ဟောင်းပါ။ ပုဂံမှာ ဘုရား စေတီ တွေထောင်ပေါင်းများစွာရှိနေပြီး ကြာရှည်စွာမေ့မှိန်နေတဲ့ ဂုဏ်ရောင် ဆောင်ခဲ့မှုအတွက် ကျန်ရစ်နေတဲ့သက်သေပါ။ ပုဂံဟာ ထူးကဲတဲ့ဆောက်လုပ်မှုစွမ်းအင်ဖော်ပြချက် နောက်ကွယ်မှ တွန်းအားကို အသည်းတယား မေးခွန်းများထုတ်စရာဖြစ်နေပါတယ်။ ပုဂံဟာ ဘာသာရေးကိုင်းရှိုင်းမှုလား၊ ကြွယ်ဝချမ်းသာမှုလား၊ သောမနဿဖြစ်စွာကျက်သရေ ဂုဏ်ဆောင်လား၊ ဒါမှမဟုတ် သုံးခုစလုံးရဲ့ အမျိုးမျိုးပေါင်းစပ်မှုပေလား။

ပုဂံကို ရွေးချယ်ရတာ ကျွန်မတို့အတွက် အခက်အခဲတစုံတရာမရှိခဲ့ပါ။ မြို့တော်ဟောင်းရဲ့ ဘုရားကျောင်းကန် စေတီပုထိုးများစွာဟာ ကမ္ဘာလှည့်ခရီးသွားများနဲ့ ဘုရားဖူးများကို ဆွဲဆောင်နေပါတယ်။ ဒါပေမင့် ယခုလိုအချိန်မျိုးမှာတော့ညှော်သည်အနည်းငယ်သာရှိတတ်တာမို့ ငြိမ်းအေးခြင်းနဲ့နားနေရမဲ့နေ့များကို ကျွန်မတို့ခံစားပျော်ရွှင်နိုင်ပါ့မယ်။

ကျွန်မတို့သားအမိအတွက် ဒီတခေါက်ဟာ ပုဂံကိုပထမဦးဆုံးလည်ပတ်မှုဖြစ်နေမှာမဟုတ်လို့ဘာသာရေးအဆောက်အဦးများများကို သွားရောက်လည်ပတ်စရာမလိုသေးသဖြင့် ကျွန်မအတွက်ထူးခြားမှုရှိစေမဲ့နေရာအချို့ကိုသာ ရွေးသွားခဲ့ကြတာပါ။ အရေးကြီးဆုံးအချက်က ကင်မ်နဲ့ကျွန်မနဲ့ကျွန်မတို့ရဲ့ခွေးလေး 'တအိချိခို'(မိသားစုရဲ့အားလပ်ရက်ခရီးအဖြစ်လာမှတော့ ဒီခွေးလေးကိုချန်ထားရစ်ခဲ့ဘို့ မေးစရာမလိုပါ) ပျော်ပျော်ရွှင်ရွှင် သက်တောင့်သက်သာဖြစ်စေနိုင်မဲ့နေရာပဲဖြစ်ဘို့ပါပဲ။

ဒီစံပြနေရာလေးကိုကျွန်ုပ်တို့ရဲ့မိတ်ဆွေ ဦးခွန်သာမြင့်ကရှာဖွေတွေ့ရှိခဲ့ပါတယ်။ အာရုံအပြောင်းအလဲအနည်းငယ်အဖြစ် ပြောပါရစေ။ ဦးခွန်သာမြင့်ဟာ ဦးဟံသာမြင့်ရဲ့ညီငယ်ပါ။ ဦးဟံသာမြင့်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ရဲ့ ဗဟိုကော်မီတီဝင်တဦးပါ။ ၁၉၉၀ ခုနှစ်ရွေးကောက်ပွဲမှာဘုတလင်မဲဆန္ဒနယ်မြေကနေအဖွဲ့ချုပ်ကိုကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ မဲဆန္ဒ ၈၀% အပြတ်အသတ်နဲ့ အရွေးချယ်ခံခဲ့ရပါတယ်။ ကိုဟံသာနဲ့ ကိုခွန်သာတို့ဖေဖေနဲ့ကျွန်မဖေဖေတို့ဟာသူငယ်ချင်းအပေါင်းအသင်းများဖြစ်ကြပါတယ်။ ၁၉၃၀ ခုနှစ်အတွင်း ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှာ နိုင်ငံရေးစတင်လုပ်ကိုင်ရာမှ အပေါင်းအသင်းများဖြစ်လာခဲ့ကြပါတယ်။

ဦးသိန်းဖေမြင့်နဲ့ ကျွန်မရဲ့ဖေဖေတို့ရဲ့ နိုင်ငံရေးဟာ အစဉ်သဟဇာတမျှတတ်ကြတာမဟုတ်ခဲ့ပါဘူး။ လွတ်လပ်ရေးလှုပ်ရှားမှုရဲ့နောက်ဆုံးအခြေအနေအဆင့်အထိ သူတို့ဟာ မိတ်ဆွေအဖြစ်ထက် သဘောထားကွဲလွဲသူများအနေနဲ့သာဖြစ်နေနိုင်ပါတယ်။ ဒါပေမင့်အမြင်မတူမှုများကိုလေးစားရေးအတွက်အမွေနဲ့မလိုမုန်းထားဘက်လိုက်မှုနဲ့မကျေ

စာမျက်နှာ ၇ သို့

# ၅၀၀၀ တန် ငွေစက္ကူအတု အမြောက်အများ ရန်ကုန်တွင် ဖမ်းဆီးမိရ

**Mizzima ၊ ဂျူလိုင် ၁၉ ။** ။ ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် မြန်မာနိုင်ငံသားများဘဏ် Myanmar Citizens Bank –MCB ရုံးချုပ်တွင် ၅၀၀၀ တန် ငွေအတုများ တွေ့ရှိရကြောင်း ရန်ကုန်အခြေစိုက်မော်ဒန်သတင်းဂျာနယ်တွင်ဖော်ပြသည်။စားအုန်းဆီကိုယ်စားလှယ်တချို့ ဘဏ်သို့လာသွင်းသည့် ငွေထုတ်များထဲတွင် "အဆက်မပြတ်" တွေ့ရှိနေသည်ဟု ဘဏ်တာဝန်ရှိသူကို မေးမြန်းပြီး ဇူလိုင် ၁၅ ရက်နေ့ထုတ်တွင် ဖော်ပြထားသည်။

ငါးထောင်တန် တထုတ်ကို အတုတရွက်နှုန်းဖြင့် ထည့်နေသည်ကို သတိထားမိသည့် ဘဏ်တာဝန်ရှိသူက "ဂိုဏ်းနဲ့ တောင်လုပ်နေလား ထင်စရာဖြစ်လာတယ်။ အရင်က ခြောက်လမှ အတု တရွက် နှစ်ရွက်ပဲရတာ၊ အခုလို များများမရဖူးဘူး" ဟု မော်ဒန်ဂျာနယ်ကိုပြောထားသည်။

ဝန်ထမ်းများက ငွေအတုများအစား ငွေအစစ်များဖြင့် အစားထိုးလျော်ပေးနေရသည့်ငွေမှာ ဇူလိုင်လ ပထမအပတ် အတွင်း ၄၅၀,၀၀၀ ကျော်ပြီဟု ဂျာနယ်က ရေးသားထားသည်။

မဇ္ဈိမက MCBဘဏ်မှဝန်ထမ်းတဦးကိုမေးမြန်းရာအတုတွေ့ရှိရကြောင်း ပြောဆိုလိုက်ပြီး "ဗဟိုဘဏ်ကို ပြန်အပ်တဲ့အခါကျတော့ ဒီအတုတွေကို ဝန်ထမ်းတွေကပဲ တာဝန်ယူရတာပါ။ အတုပါတာ နံပတ်မတူတာ။ စုတ်ပြဲတာတွေကို ဝန်ထမ်းတွေကပဲ လျော်ပေးရတာပါ" ဟု ပြောသည်။

ငွေတုများတွေ့ရှိမှုကို ယနေ့အထိအမှုဖွင့်တိုင်တန်းခြင်းမရှိသေးကြောင်း ဘဏ်ဝန်ထမ်းများက ပြောသည်။ ရန်ကုန်အခြေစိုက်ကမ္ဘောဇဘဏ်၊ အာရှရန်ကုန်ဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်တို့နှင့် MCB ဘဏ် မန္တလေးဌာနခွဲတို့ကမူ MCB ရန်ကုန်ရုံးချုပ်များတွင်ရှိ ယင်းတို့ ဘဏ်များတွင်လည်း အတုမတွေ့ရှိကြောင်းကို တညီတည်း ဖြေကြသည်။

၂၀၀၉ခုအောက်တိုဘာလမှစ၍ဗဟိုဘဏ်မှစတင်ဖြန့်ဝေသည့် ၅,၀၀၀ တန်ငွေစက္ကူအတုများ ထွက်ပေါ်သဖြင့် ဗဟိုဘဏ်က အသိပေးကြေညာမှုပြုလုပ်ထားရာ ငွေစက္ကူအတုတွင် စက္ကူထောင့် ဖြတ်ရာ ပါရှိခြင်း၊ ငွေစက္ကူ၏ ဘယ်ဘက်ထောင့်အလယ်၌ လုံခြုံရေးအမှတ် အသားဖြစ်သည့် ရေစာ၊ ငွေကြိုးပေါ်တွင် ငွေစက္ကူတန်ဖိုး ဖော်ပြသည့်စာသား၊ ငွေစက္ကူညာဘက်ထောင့် အလယ်၌ ဗဟိုဘဏ်မှ ရိုက်နှိပ်ထားသောရေစာ စသည်တို့ မပါရှိကြောင်း ဖော်ပြခဲ့ဖူးသည်။

မည်သူမဆို ငွေစက္ကူ၊ ဘဏ်ငွေလက်မှတ်များကို အတုပြုလုပ်လျှင် ရာဇသတ်ကြီး ပုဒ်မ ၄၈၉ (က) အရ ထောင်ဒဏ် တသက် သို့မဟုတ် ၁၀ နှစ် ချမှတ်နိုင်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။ ငွေအတုမှန်းသိလျက်နှင့် သုံးစွဲရန် ကြံရွယ်ကာ လက်ဝယ်ထားပါက ထောင်ဒဏ် ၇ နှစ်ဖြစ်စေ၊ ငွေ ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်ဟုလည်း ဥပဒေပြဌာန်းထားသည်။

စီးပွားရေးပညာရှင်ဦးခင်မောင်ညိုက "ကြီးကျယ်တဲ့ကိစ္စမဟုတ်ဘူး။ ဒါတွေက တွေ့နေကျပဲ။ တနေရာမှာ အရွက်ဘယ်နှစ်သိန်း၊ ဘယ်နှစ်သောင်းတွေ့တာမဟုတ်ပဲ။ အခုက ၅,၀၀၀ တန်အရွက် ၁၀၀ တောင် မရှိဘူး"ဟု စီးပွားရေးလောကအပေါ်အကျိုးမသက်ရောက်နိုင်ကြောင်း ပြောသည်။ ၂၀၁၀ ခု ဇန်နဝါရီလအတွင်းက ပဲခူးမြို့ မြို့မဈေးတွင် ရဲဝန်ထမ်းတဦးက ၅,၀၀၀ တန်အတုဖြင့် ဈေးဝယ်နေစဉ် ဖမ်းဆီးမိခဲ့ဖူးကြောင်း လွတ်လပ်သည့်အာရှအသံ RFA က သတင်းထုတ် လွှင့်ခဲ့ဖူးသည်။

ငွေစက္ကူ တထောင်တန်အစစ် တသိန်းနှင့် အတု ၁၀ သိန်းကို ထိုင်း-မြန်မာနယ်စပ် မြဝတီမြို့ ဆိုင်ကယ်သမားတဦးထံမှ လဲလှယ်၍ ရန်ကုန်တိုင်း ဒေါပုံမြို့နယ်တွင် ပြန်လည်သုံးစွဲသူ ၃ ဦးကို ဒေါပုံရဲစခန်းက ဖမ်းဆီးခဲ့ကြောင်း ၂၀၁၀ မေလထုတ် ပြည်မြန်မာဂျာနယ်က ဖော်ပြခဲ့သည်။

**စာမျက်နှာ ၆ မှ**

ချမ်းမှုများမှလွတ်မြောက်ရေးတို့နောက်ကို သူတို့နှစ်ဦးစလုံးလိုက်ခဲ့ကြပါတယ်။ ဒီအချက်ဟာ သူတို့ရဲ့သားသမီးတွေဖြစ်တဲ့ ကျွန်မတို့ကိုအပေါင်းအသင်း နဲ့ရဲဘော်ရဲဘက်များအဖြစ် အဘိုးတန်များ မျှဝေခြင်းဖြင့် အတူတကွ လုပ်ကိုင်ချည်နှောင်မိတ်ဖွဲ့စေနိုင်စေပါတယ်။ တဦးကို တဦး အထင်မသေးကြပဲ ကြည်နူးပျော်ရွှင်စရာများ မျှဝေပြီးစေနိုင်ခဲ့ပါတယ်။

၂၀၀၉ ခုနှစ်မှာကိုခွန်သာက အင်းစိန်ထောင်အတွင်းရှိ ကျွန်မကိုကူညီဘို့လာရောက်တွေ့ဆုံပါတယ်။ ကျွန်မရဲ့အိမ်ကိုလိုအပ်တဲ့ ပြင်ဆင်မှုများပြုလုပ်ပေးမဲ့ပိသုကာအဖြစ် ဆောင်ရွက်ပေးဘို့ပါ။ ထောင်မှ အိမ်အကျယ်ချုပ်ကိုပြောင်းလိုက်ရပြီးနောက် အိမ်ပြင်ဘို့ အလုပ်စချိန်မှာ ပိသုကာအဖြစ် ကိုခွန်သာနဲ့ အထွေထွေကြီးကြပ်ကွပ်ကဲသူများအဖြစ် ကျွန်မခန့်အပ်ထားတဲ့ အခြားမိတ်ဆွေနှစ်ဦးဖြစ်ကြတဲ့ ကိုထင်ကျော်နဲ့ကိုနီတို့လဲ အိမ်ပြင်ဆင်မှုများပြီးမြောက်မဲ့ လိုအပ်ချက်များ အတွက် လပေါင်းများစွာ နေ့စဉ် အိမ်ကိုလာခဲ့ကြပါတယ်။ ကိုထင်ကျော်နဲ့ ကိုနီတို့ဟာလဲ ရန်ကုန်တက္ကသိုလ်မှာ တဦးနဲ့တဦးရင်းနှီးခဲ့ကြတဲ့သက်ဆိုင်ရာဖခင်များမှ ဆက်နွယ်သိကျွမ်းခဲ့ကြတာပါ။ နောင်တချိန်မှာ သားများ၊ ဘခင်များ(မိခင်များ) အကြောင်းကိုရေးသားပါဦးမယ်။ ယခုအချိန်မှာတော့ လူကြီးများရဲ့ရင်းနှီးခဲ့မှုများကြောင့် ကျွန်မမှာ အထောက်အပံ့၊ အကူအညီနဲ့ မိတ်ဆွေများကို ဆုလာဘ်အဖြစ်ခံစားခဲ့ရပါတယ်။

ကျွန်မရဲ့ပိသုကာအဖြစ် စတင်ဆောင်ရွက်ပေးခဲ့သူ ကိုခွန်သာဟာ လုံခြုံရေးအရာရှိ၊ ခွေးထိန်း၊ အရေးပေါ်ယာဉ်မောင်းအဖြစ်အပြင် လွန်ခဲ့တဲ့နှစ်ပတ်အတွင်း ခရီးသွားကိုယ်စားလှယ်နဲ့ အားလပ်ရက်ခရီးစီစဉ်သူအဖြစ် ကျေးဇူးပြုကူညီလုပ်ဆောင်ပေးခဲ့ပါတယ်။ ၁၆ ဦးပါကျွန်မတို့အဖွဲ့အတွက် ပုဂံဟော်တယ်ကို ကိုခွန်သာရဲ့ရွေးချယ်မှုဟာ ပိုမိုပျော်ရွှင်ဘွယ်ရာသာ မဟုတ်နိုင်ခဲ့ပါ။ အထင်ရှားဆုံး သမိုင်းဝင်ဘာသာရေးအဆောက်အဦးအချို့ကို သွားရေးလာရေးလွယ်ကူစေနိုင်တဲ့နေရာအတွင်းမှာရှိနေပါတယ်။ သက်တောင့်သက်သာနဲ့လှပတဲ့ နေရာပါ။ အားလုံးရဲ့အရေးကြီးဆုံးကတော့ ဝန်ထမ်းများဟာ ယဉ်ကျေးရည်မွန်ကြပါတယ်၊ ကောင်းစွာကျွမ်းကျင်ကြပါတယ်၊ ဧည့်သည်များက မိမိတို့ကိုအမှန်တကယ် ရင်းနှီးချစ်ခင်စွာ ကြိုဆိုခြင်းခံရတယ်လို့ ခံစားစေနိုင်တဲ့ အထူးအရည်အချင်းကိုပိုင်ဆိုင်ကြပါတယ်။ ✡✡✡✡✡

# အာဇာနည်နေ့ အကြောင်း နောက်ပိုင်းလူငယ်များ သိသူနည်းပါး

**VOA | ဂျူလိုင် ၁၉ ။ ။** ဒီကနေ့ဟာ မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးတာ ၆၄ နှစ်ပြည့်တဲ့နေ့ဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တုန်းက ဝန်ကြီးများရုံးမှာ လွတ်လပ်ရေးအတွက် တိုင်ပင်ဆွေးနွေးခဲ့ကြတဲ့ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဒီးဒုတ်ဦးဘချို၊ မိုင်းပွန်စော်ဘွားကြီး စပ်စံထွန်း၊ သခင်မြ၊ အတွင်းဝန် ဦးအုန်းမောင် အစရှိတဲ့ နိုင်ငံ့ခေါင်းဆောင်ကြီးတွေနဲ့အတူ သက်တော်စောင့် ရဲဘော်ကိုထွေးတို့ လုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့အဖြစ်ဟာ သမိုင်းမှာ တဖြည်းဖြည်းမေးမှိန်သွားတော့မှာလားလို့ မေးခွန်းထုတ်စရာ ဖြစ်နေချိန်မှာ ဒီအဖြစ်ကို ဒီနေ့လူငယ်တွေကြား သိပ်မသိကြတော့ဘူးလို့ ပြောတဲ့သူကတော့ကျဆုံး အာဇာနည်ဦးရာဇတ်ရဲ့မြေးဖြစ်သူ ဒေါ်ညိုမီရာဇတ်ဖြစ်ပါတယ်။ ဒါဟာ နောက်ပိုင်း မြန်မာအစိုးရတွေက အာဇာနည်နေ့ အထိမ်းအမှတ်အခမ်းအနားတွေကို အလေးအနက်မထားတော့တဲ့အတွက်ကြောင့် ပါလား။

"အရင်ခေတ်တုန်းက ဥပြဲဆွဲကြတယ်၊ နောက်အလံကို တဝက်ထူတယ်၊ အဲဒါမျိုးအတွက်လည်း လှုံ့ဆော်ခဲ့ကြတာပေါ့။ အခုကျတော့ အလံထူတာလည်း သိပ်မရှိတော့ဘူး၊ ဥပြဲဆွဲသံလည်းမရှိတော့ဘူး။ အဲဒီအခါကျတော့ အဲဒါတွေကို စိတ်မကောင်းဘူးပေါ့။ တိုင်းပြည်လွတ်လပ်ရေးရဖို့ အကုန်လုံးလုပ်လာခဲ့တယ်။ ဒီဥစ္စာတွေကို အခုခေတ် လူတွေဆိုရင် ပိုပြီးတော့ မသိကြတော့ဘူး၊ အာဇာနည်နေ့ဆိုတာ။ ရုံးမှာလည်း ကလေးတွေကို မေးကြည့်တယ်၊ သူတို့တွေက သိပ်မသိကြဘူး။ အာဇာနည်ကုန်ရှိတယ်ဆိုတာလည်း သူတို့ သိပ်မသိဘူး။ အဲဒီ ၉ ဦးရှိတယ်လို့ သိတဲ့သူကလည်း ၉ ဦးဟာ ဘယ်သူလဲလို့ မသိတော့ဘူး။"

အခုလိုဖြစ်ရတာဟာမြန်မာ့သမိုင်းမှာဘာတွေဖြစ်ခဲ့သလဲ၊လွတ်လပ်ရေးအတွက် ဘယ်သူတွေက ဘယ်လောက် စွန့်လွှတ်ပြီးကြိုးစားခဲ့ကြသလဲဆိုတာကို စိတ်မဝင်စားကြတော့လို့ပါလား။ ဦးရာဇတ်ရဲ့သား ဦးလှကြည်ကတော့ မဟုတ်ပါဘူးလို့ ပြောပါတယ်။

"စိတ်ဝင်စားတယ်၊ စိတ်မဝင်စားတာ မဟုတ်ဘူး၊ လူတန်းစားအဆင့်ဆင့်ပေါ့၊ လူလတ်တွေ၊ လူငယ်တွေ၊ လူကြီးတွေ။ တချို့မသိဘူးဆိုတဲ့ ကျောင်းသားလေးတွေပေါ့။ အဲဒီ ကျောင်းသားလေးတွေက အစ အာဇာနည်နေ့ဆိုတာ သူတို့ စိတ်ဝင်စားတယ်။ ဒါပေမဲ့ သိပ်တော့ မသိကြတော့ဘူး။ အာဇာနည် ဘယ်နှစ်ဦး ကျဆုံးသွားလဲဆိုတာသူတို့ မသိကြတော့ဘူး။ အာဇာနည်ကြီးတွေရဲ့ နာမည်ဆိုရင်တော့ ပြောမနေကြနဲ့တော့။ သူတို့ မမှတ်မိကြတော့ဘူး။ ဒါပေမဲ့ အာဇာနည်နေ့တော့ စိတ်ဝင်စားတယ်။"

ဒါဆိုရင် ဘာကြောင့် အာဇာနည်ကြီးတွေရဲ့ နာမည်ကိုတောင် မသိကြတော့ဘူးလို့ ထင်ပါသလဲ။

"တဖြည်းဖြည်း နိုင်ငံတော်အစိုးရအနေနဲ့က သိပ်ပြီးတော့ မထင်ပေါ်စေချင်လို့လား ဘာလို့လဲမသိဘူး။ အဲဒီလိုဖြစ်တဲ့ အခါကျတော့ ကလေးတွေအနေနဲ့က အူကြောင်ကြောင်ဖြစ်သွားတယ်။ ဒါပေမဲ့ သက်ဆိုင်ရာ လူကြီးတွေ၊ မိဘတွေ၊ ဆရာသမားတွေကတော့ အာဇာနည်နေ့အကြောင်းကို ကြုံရင် ကြုံသလို အမြဲတမ်းပြောပြပါတယ်။"

မြန်မာနိုင်ငံ လွတ်လပ်ရေးရလုချိန်မှာ အာဇာနည်ကြီးတွေ လုပ်ကြံခံခဲ့ရတဲ့အတွက် တတိုင်းပြည်လုံး ယူကြုံးမရဖြစ်ခဲ့ကြတာကို အဲဒီအချိန်က ကိုယ်တွေ့ကြုံခဲ့ရသူတွေက ပြန်ပြီး ပြောပြကြပါတယ်။နောက်ပိုင်းနှစ်တွေမှာလည်း သူတို့လုပ်ကြံသတ်ဖြတ်ခံခဲ့ရချိန် မနက် ၁၀ နာရီ ၃၇ မိနစ်ရောက်ရင် တနိုင်ငံလုံး ဥပြဲဆွဲပြီး အထိမ်းအမှတ်လုပ်တာတွေ၊ အာဇာနည်ကုန်းမှာ လွမ်းသူ့ပန်းခွေချ၊ အလေးပြုတဲ့ အထိမ်းအမှတ်အခမ်းအနားတွေ ကျင်းပခဲ့ကြပါတယ်။ ဥပြဲဆွဲသံ ကြားရင်လည်းပြည်သူတွေဟာ လုပ်လက်စအလုပ်တွေရပ်ပြီး မတ်တပ်ရပ်ဦးညွှတ်အလေးပြုခဲ့ကြသလို အိမ်မှာရှိနေသူတွေကလည်း ရေဒီယိုဖွင့်ပြီး အလေးပြုဖို့ စောင့်နေခဲ့ကြပါတယ်။

တခါ ကျောင်းတွေမှာလည်း အာဇာနည်နေ့ နီးပြီဆိုတာနဲ့ အာဇာနည်နေ့အကြောင်း ဟောပြောပွဲတွေ၊ ကဗျာပြိုင်ပွဲတွေ၊ နံရံကပ်စာစောင် ပြိုင်ပွဲတွေ၊ စာစီစာကုံးပြိုင်ပွဲတွေ လုပ်ခဲ့ကြပါတယ်။ ဒါတွေကို မှီခဲ့တဲ့သူတွေကတော့ အာဇာနည်ကြီးတွေရဲ့နာမည်တင်မက သူတို့ ဘယ်လို ကျဆုံးခဲ့သလဲဆိုတာကို ရင်ထဲမှာ စွဲနေတယ်လို့ ပြောပြကြပါတယ်။

အာဇာနည်နေ့ အခမ်းအနားတွေကို အကျဉ်းချုံးစလုပ်ခဲ့တာကတော့ ဦးနေဝင်းရဲ့ မဆလအစိုးရလက်ထက်က စခဲ့တယ်လို့ပြောရမှာပါ။ ဒါဟာ ဗိုလ်ချုပ်အောင်ဆန်းရဲ့အခန်းကဏ္ဍကို မေးမှိန်အောင်လုပ်ဖို့ ကြိုးစားတာဖြစ်တယ်လို့ မြန်မာ့အရေး လေ့လာသူတွေက သုံးသပ်ကြပါတယ်။ မဆလအစိုးရပြုတ်ကျပြီး နောင်တက်ခဲ့တဲ့ စစ်အစိုးရအဆက်ဆက်မှာတော့ အာဇာနည်နေ့ အခမ်းအနားတွေကို မလုပ်မဖြစ်လုပ်ရတဲ့ ပွဲတခုအနေနဲ့သာ ကျင်းပတဲ့အထိဖြစ်ခဲ့ပါတယ်။

"တနှစ်ထက် တနှစ်ကတော့ ရိုးရိုးပဲ ပြောရမယ်ဆိုရင်ညံ့ညံ့လာတာပေါ့လေ။ အရင်တုန်းက သမ္မတကြီးမန်းဝင်းမောင် လက်ထက်တုန်းကတော့ သမ္မတကိုယ်တိုင်လာတာကိုး။ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌတုန်းက ဗိုလ်ချုပ် နေဝင်းက ကိုယ်တိုင်လာတယ်။ သူကိုယ်တိုင် အာဇာနည်ကြီးတွေရဲ့ ဇနီးတွေကို လက်ဆွဲနှုတ်ဆက်ပြီးတော့ အားပေးစကားပြောတယ်၊ လိုတဲ့အကူအညီတောင်း ဘာညာပေါ့။"

"အဲဒီနောက်ပိုင်းကျတော့ ဗိုလ်ချုပ် အောင်ကြီးတို့၊ ဝန်ကြီးချုပ် မောင်မောင်ခတို့၊ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ် သောင်းဒန်တို့၊ နောက်ဆုံး ကျနော်မှတ်မိတာ ဗိုလ်ချုပ်ကြီးဘုန်းမြင့်၊ ဗိုလ်ချုပ်ကြီးဘုန်းမြင့်နောက်ပိုင်းကျတော့ သိပ်မသိတော့ဘူး။"

ကျဆုံးအာဇာနည်ကြီး ဦးရာဇတ်ရဲ့သား ဦးလှကြည်ပြောပြသွားတာဖြစ်ပါတယ်။ ဒီနှစ်မှာတော့ အာဇာနည်နေ့ အခမ်းအနားကို အာဇာနည် ကုန်းမှာကျင်းပဖို့ အစိုးရကစီစဉ်ထားပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီး ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းပြည်အတွက်အသက်ပေးသွားခဲ့ကြတဲ့ အာဇာနည်ကြီးတွေရဲ့ မိသားစုဝင်တွေကိုလည်း ဖိတ်ကြားထားတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့ကြတဲ့ အာဇာနည်ကြီးတွေရဲ့ ပေးဆပ်မှုကို သိနားလည်သူတွေကတော့ အာဇာနည်နေ့ကို မေးမှိန်အောင် ဘယ်သူတွေက ဘယ်လိုပဲလုပ်လုပ် ရင်ထဲမှာရှိနေကြမှာ ဖြစ်ပါတယ်။




**ဂျူလိုင် ၁၉ ၊ RGN ။ ။** အာဇာနည်နေ့ကို NLD မှစီစဉ်၍ဒေါ်အောင်ဆန်းစုကြည်နှင့်ဒီမိုကရေစီအင်အားစုမှ အာဇာနည်ဗိမာန်တွင် လွမ်းသူ့ပန်းခွေချကျင်းပခဲ့၏။

**ဂျူလိုင် ၂၂ ၊ BALI ။ ။** နိုင်ငံရေးအကျဉ်းသားများအာ မလွှတ်သ၍ မြန်မာသည် ကမ္ဘာ၏ ယုံကြည်မှုကို ရမည်မဟုတ်ကြောင်း အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ကလင်တင် မှဆို၏။

**ဂျူလိုင် ၂၂ ၊ The Hindu ။ ။** သီလမြဲ၍ နိုင်ငံနှင့်ပြည်သူ့အရေး ဇောက်ချလုပ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒီမိုကရေစီအင်အားစုကိုခွာ၍ မြန်မာစစ်အုပ်ချုပ်ရေးအဖွဲ့နှင့်ကုန်သွယ်စီးပွားလုပ်နေသောအိန္ဒိယသည် ၃လ သက်တမ်းကျော် မြန်မာအစိုးရလက်ထက် ပြည်တွင်းစစ်အခြေအနေကြောင့် ဆုတ်စုံးစားရှုံးဖြစ်နေ၏။

**ဂျူလိုင် ၂၂ ၊ ASEAN NewsNtwork ။ ။** ထိုင်းမှ ရဟတ်ယဉ်ပျက်ကျပျောက်ဆုံးရဟတ်ယဉ်အား ထိုင်းဒေသ ၁ စစ်တပ်မှ လိုက်လံရှာဖွေနေ၏။

**ဂျူလိုင် ၂၂ ၊ Huffington Post ။ ။** မြန်မာတွင် စစ်ရာဇဝတ်မှုကျူးလွန်မှုများ များပြားလာနေရာ မြန်မာအပေါ် ဖိအားသစ်ပေးသင့်ကြောင်း။

**ဂျူလိုင် ၂၂ ၊ Irrawaddy ။ ။** မြန်မာစစ်အစိုးရသည် ကေအိုင်အို အခြေစိုက်စခန်းများအနီး တပ်အင်အားဖြည့်နေ၏။

**ဂျူလိုင် ၂၂ ၊ Mizzima ။ ။** ကမ္ဘာ့ရွှေဈေးတက်နေသော်လည်း မြန်မာတွင် ရွှေဈေးကို မမြှင့်ရန် အမိန့်ထုတ်ထားကြောင်း။

**ဂျူလိုင် ၂၂ ၊ DVB ။ ။** အာဇာနည်နေ့အခမ်းအနားတက်ပြီး တပ်ကုန်းသို့အပြန် ကိုဖိုးထောင်အား အာဏာပိုင်များမှ အကြောင်းရှာဖမ်းဆည်းခဲ့၏။

**ဂျူလိုင် ၂၂ ၊ CNBC ။ ။** မြန်မာကျပ်ဈေးတက်မှုကြောင့် ပြည်ပသို့ ထုတ်ကုန်ရောင်းသူများ မျက်ဖြူဆိုက်နေကြောင်း၊ အစိုးရသည် စွက်ဖက်မှုမရှိကြောင်းနှင့် စားဝတ်နေရေးခက်မှုကြောင့် လူထုအုံကြွမှုမျိုးဖြစ်နိုင်ကြောင်း ကျွမ်းကျင်သူများမှ ဝေဖန်၏။

**ဂျူလိုင် ၂၂ ၊ Daily Times, PENNSYLVANIA ။ ။** Myamar Impact Team of Myanmar Experience အမည်ဟောပြောပွဲဖြင့် ဖိနှိပ်သော မြန်မာစစ်အစိုးရကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံဖြစ်နေရခြင်းကို ရှင်းလင်းဟောကြားပြသပညာပေးပွဲ ထောက်ပံ့ငွေကောက်ခံပွဲ ပြုလုပ်မည်။

**ဂျူလိုင် ၂၂ ၊ Irrawaddy ။ ။** လော်စစ်ဟန်၏သား စတီဗင်လောသည် တေဇနှင့်အပြိုင် မြန်မာ့အချမ်းသာဆုံးလူတဦးဖြစ်ပြီး သူ၏အဖေသည် ဝန်ကြီးချုပ်သိန်းစိန် တရုတ်သို့ သွားစဉ် အတူပါသွားပြီး တရားဝင် စကားပြန်များရှိလျက် တခါတရံဘာသာပြန်ပေးကြောင်း။

**ဂျူလိုင် ၂၂ ၊ DVB ။ ။** မြန်မာအပါအဝင် အာရှတွင် အသားဝါရောဂါ သိသိသာသာတိုးပွားနေ၏။ ပတ်ဝန်းကျင်နိုင်ငံများသည် ကျန်းမာရေးအတွက် ဘတ်ဂျက်၏ ၁၀ ရာခိုင်နှုန်းမျှသုံးနေသော်လည်း မြန်မာသည် ၃ ရာခိုင်နှုန်းလောက်သာ အလွန်ဆုံးသုံး၏။

**ဂျူလိုင် ၂၀ ၊ WTN-AFP ။ ။** အမေရိကန်အောက်လွှတ်တော်သည် မြန်အပေါ် လက်ရှိထားရှိသည့် ကန့်သတ်ပိတ်ပင်မှုများကို သက်တမ်းတိုးလိုက်၏။

**ဂျူလိုင် ၂၀ ၊ DVB ။ ။** ဒေါ်အောင်ဆန်းစုကြည်သည် ဖခင်ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များအားရည်စူး၍ မိမိနေအိမ်တွင် ဆွမ်းကပ်လှူခဲ့ပြီးနောက် အာဇာနည်ဗိမာန်သို့ထွက်ခွာ၏။ လမ်းတွင် လူထုမှ ဒေါ်အောငဆန်းစုကြည် ကျန်းမာပါစေဟု ဆုတောင်းကြ၏။

**ဂျူလိုင် ၂၂ ၊ DVB ။ ။** ရှမ်းပြည်တပ်မတော်၏ ဝမ်ဟိုင်းဌာနချုပ်ကို ပုံးကြဲတိုက်ခိုက်ရန် ယနေ့နေပြည်တော်မှ တိုက်လေယဉ် ၇ စီး နမ့်စမ်လေဆိပ်တွင် ဆီဖြည့်ရပ်နားကြောင်း သတင်းရ၏။

**ဂျူလိုင် ၂၂ ၊ DVB ။ ။** အမျိုးသမီးတဦးအား သတ်ခဲ့သူသည် မိမိအား မန္တလေးမှမူးယစ်ရဲမှ ရဲအုပ်သန်းစိုးမှ ငွေပေးသတ်ခိုင်းကြောင်း ထွက်ဆိုချက်ကြောင့် ရဲအုပ်သန်းစိုးအား ဖမ်းထားကြောင်း။

**ဂျူလိုင် ၂၃ ၊ OSLO ။ ။** နော်ဝေနိုင်ငံ၊ အော်စလိုရှိ အစိုးရရုံးများအနီး ယမန်နေ့က ပုံးကွဲမှုနှင့် အပမ်းဖြေစခန်းတွင် ပစ်ခတ်မှုတို့ကြောင့် လူ ၈၀ ထက်မနည်းသေဆုံးခဲ့ပြီးကြောင်း ရဲမှဆို၏။

**ဂျူလိုင် ၂၂ ၊ RFA ။** SSA–မြောက်၏ ဝမ်ဟိုင်းဌာနချုပ်နှင့် ၅ မိုင်ကွာမှ မြန်မာတပ်ရင်း ၁၄ ရင်းသည် စစ်သားတထောင်ခန့်ဖြင့် ဝိုင်းထား ပြီး စုစုပေါင်းတပ်ရင်း ၄၀ ခန့်ချထားကြောင်း။

**ဂျူလိုင် ၁၉ ၊ RFA ။ ။** အာဇာနည်များ၏ ကိုယ်ကျိုးစွန့်လုပ်ဆောင်ချက်များကို စံယူ၍ အာဇာနည်နိုင်ငံဖြစ်ရန် တဦးချင်းမှကြိုးပမ်းရန်လိုကြောင်း ဒေါ်အောင်ဆန်းစုကြည်မှ အာဇာနည်နေ့တွင်ဆို၏။

**ဂျူလိုင် ၂၁ ၊ Asian Correspondent ။ ။** ကချင်ပြည်နယ် ဘန်းမော်၊ မိုးညှင်းနှင့် ဝိုင်းမော် သုံးဒေသတွင် အဓိကတပြိုင်နက်ထိုးစစ်ခင်းနေသော စစ်တပ်ကြီးကိုင်သည့် မြန်မာအစိုးရသည် ကချင်ပြည်နယ်ကို ကိုလိုနီလက်အောက်ခံ အသွင်လုပ်လိုနေသလောဟု ဇင်လင်းမှသတင်းသုံးသပ်၏။

**ဂျူလိုင် ၂၁ ၊ Nation ။ ။** ထိုင်းမှပျက်ကျသော လင်းယုန်နက်ရဟတ်ယဉ်အား မြန်မာတပ်မှ ကူညီရှာဖွေတွေ့ရှိကြောင်းနှင့် ထိုင်းတပ်သား ၂၀ ခန့်သည် ကုန်းလမ်းမှလာနေကြောင်း။

**ဂျူလိုင် ၂၁ ၊ New Kerala ။ ။** အိန္ဒိယအစိုးရသည် စစ်တပ်ချုပ်ကိုင်သော မြန်မာအစိုးရထံ လက်နက်များရောင်းချမှုအတွက် အိန္ဒိယဝန်ကြီးချုပ်ထံ ကန့်ကွက်စာကို **Puducherry a'o&Sd Civil Society** မှ ကန့်ကွက်စာတမ်းပို့၏။

**ဂျူလိုင် ၂၁ ၊ Jakarta Post-BALI ။ ။** မြန်မာသည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် မကြိုးပမ်းဟု အာစီယံမှထင်ကြောင်းဖြင့် ဆို၏။

**ဂျူလိုင် ၂၀ ၊ Assam Tribune ။ ။** တရုတ်၏ မြန်မာအပေါ်ဩဇာတက်မှုနှင့် မြန်မာလက်နက်ကိုင် တိုင်းရင်းအဖွဲ့များပူးပေါင်းမှုများ၏အရှိန်သည် အိန္ဒိယ သူပုန်များအထိ ထိရောက်မှုရှိကြောင်း။

**ဂျူလိုင် ၂၁ ၊ RGN-AP ။ ။** ရန်ကုန်မြို့ပတ်ရထား လုပ်ငန်းတာဝန်ယူရန် အစိုးရသည် တင်ဒါခေါ်ယူနေ၏။

**ဂျူလိုင် ၂၁ ၊ Asia Sentinel ။ ။** မတရားအမှုခံနေရသူ လယ်သမားများ၏ ရှေ့နေဦးအောင်သိန်းပြောသလို မြန်မာတွင် လွတ်လပ်မျှတသော တရားစီရင်ရေးစနစ်မရှိဟု ပြောရလောက်အောင် မြန်မာပြည်၏ တရားစီရင်ရေးစနစ်သည် ကြောက်လန့်ဘက်လိုက်မှုများကြောင်းဆို၏။ **စာမျက်နှာ ၁၃ သို့**

# မြန်မာကို အာဆီယံ အလှည့်ကျဥက္ကဌနေရာ မပေးရေး  AIPMC တိုက်တွန်း

**VOA ၊ ဂျူလိုင် ၁၈ ။ ။** မြန်မာ့အရေးဆိုင်ရာ အာဆီယံ လွှတ်တော်အမတ်များအဖွဲ့ (AIPMC) က မြန်မာနိုင်ငံရဲ့ အဆိုပြုထားတဲ့ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌနေရာပေးရေးကိစ္စကို အာဆီယံခေါင်းဆောင်တွေအနေနဲ့ လက်မခံဖို့ တိုက်တွန်းလိုက်ပါတယ်။ အာဆီယံအဖွဲ့အတွင်းရေးမှူးချုပ်ကတော့ နိုင်ငံတကာအစိုးရတွေရဲ့ သဘောထားကို ထည့်သွင်းစဥ်းစားပြီး ဆုံးဖြတ်မှာဖြစ်တယ်လို့ ပြောဆိုထားတဲ့အကြောင်း ဆက်သွယ် မေးမြန်းထားတဲ့ ဦးစံမိုးဝေက တင်ပြပေးထားပါတယ်။

မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်မှာ အာဆီယံအဖွဲ့ရဲ့ အလှည့်ကျ ဥက္ကဋ္ဌနေရာအတွက် တာဝန်ယူဖို့ အဆိုပြုထားတဲ့ကိစ္စကို ပယ်ချပစ်လိုက်ဖို့ မြန်မာ့အရေးဆိုင်ရာ အာဆီယံလွှတ်တော် အမတ်များအဖွဲ့ (AIPMC) က ဒီနေ့တောင်းဆိုလိုက်ပါတယ်။ ဇူလိုင်လ ၁၉ ရက်နေ့ကနေ ၂၃ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းမှာပြုလုပ်မယ့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးမတိုင်မီ တရက်အလိုမှာ အခုလို တောင်းဆိုချက် ထွက်ပေါ်လာတာ ဖြစ်ပါတယ်။

အထူးသဖြင့် နယ်စပ်တလျှောက် လက်ရှိဖြစ်နေတဲ့ ပြဿနာတွေကို မဖြေရှင်းနိုင်ဘဲ ဖြစ်နေတဲ့အတွက်ဖြစ်တယ်လို့ AIPMC အဖွဲ့ရဲ့ ပြောခွင့်ရ အမျိုးသမီး အာဂွန်းပူထရီအာဆွိက ဗွီအိုအေကို ပြောပါတယ်။ "အာဆီယံ ခေါင်းဆောင်တွေအနေနဲ့ မြန်မာနိုင်ငံကအာဆီယံအလှည့်ကျ ဥက္ကဋ္ဌရာထူးကို ၂၀၁၄ ခုနှစ်မှာ ယူဖို့ အဆိုပြုချက်ကို လက်မခံဖို့ AIPMC အနေနဲ့ ထပ်ခါတလဲလဲ တိုက်တွန်းခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် လက်ရှိကချင်ပြည်နယ်နဲ့ တခြားဒေသတွေမှာ မြန်မာစစ်တပ်နဲ့ ဖြစ်ပွားနေတဲ့ ပဋိပက္ခအခြေအနေတွေကို မြန်မာအစိုးရက ဖြေရှင်းနိုင်ခြင်းမရှိသေးဘူးဆိုတဲ့ အနေအထားမျိုးကိုလည်းထောက်ပြခဲ့ပါတယ်။"

မြန်မာနိုင်ငံမှာ အရပ်သားအစိုးရ ပေါ်ပေါက်လာပြီ ဆိုပေမဲ့ လူ့အခွင့်အရေး ကိစ္စနဲ့ပတ်သက်ပြီး ကိုင်တွယ် လုပ်ဆောင်နေတဲ့ နေရာမှာ အရင်အစိုးရနဲ့ ဘာမှမထူးခြားဘူးလို့လည်းဆိုပါတယ်။ အာဆီယံညီလာခံတိုင်းမှာ မြန်မာ့လူ့အခွင့်အရေး အခြေအနေနဲ့ပတ်သက် ပြီးတော့ ထည့်သွင်းဆွေးနွေးပါလို့လည်း AIPMC အဖွဲ့ ပြောခွင့်ရသူ အာဂွန်း ပူထရီ အာဆွိက ပြောပါတယ်။

"အာဆီယံ ထိပ်သီးညီလာခံတိုင်းမှာ မြန်မာနိုင်ငံအရေးကိုထည့်သွင်း ဆွေးနွေးသွားဖို့ ကျမတို့က အမြဲပဲတိုက်တွန်းခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးအခြေအနေ ဆိုးရွားနေတဲ့အချက်နဲ့ပတ်သက်လို့လည်း ကျမတို့က သိပ်ကို စိုးရိမ်မကင်းဖြစ်ပါတယ်။"

အာဆီယံနိုင်ငံခြားရေးဝန်ကြီးတွေဟာဆွေးနွေးဘက်နိုင်ငံတွေနဲ့ ဒေသတွင်းအခြေအနေတွေကို ဆက်ပြီးတော့ ဆွေးနွေးဖို့ရှိပါတယ်။ အမေရိကန်ပြည်ထောင်စုနဲ့ ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေက ထိပ်တန်းအရာရှိတွေလည်း အဲဒီ အစည်းအဝေးကို တက်ရောက်ဖို့ရှိနေပါတယ်။

မြန်မာနိုင်ငံရဲ့ အလှည့်ကျဥက္ကဋ္ဌနေရာ ပေးသင့်၊ မပေးသင့်ကိစ္စကို နိုင်ငံတကာအစိုးရတွေရဲ့ သဘောထားတွေကိုလည်း ထည့်သွင်းစဥ်းစားဖို့ရှိတဲ့အကြောင်း အာဆီယံအတွင်းရေးမှူးချုပ် ဆူရင် ပစ်ဆူဝန် (Surin Pitsuwan) က ပြောတယ်လို့ ဂျကာတာပို့စ် သတင်းစာမှာရေးပါတယ်။

မေလတုန်းကကျင်းပခဲ့တဲ့ အာဆီယံ ထိပ်သီးအစည်းအဝေးတုန်းက မြန်မာနိုင်ငံရဲ့ အလှည့်ကျဥက္ကဋ္ဌနေရာ အဆိုပြုတဲ့ကိစ္စကိုလူ့အခွင့်အရေးအဖွဲ့တွေက ဝိုင်းပြီး ကန့်ကွက်ခဲ့ကြပါတယ်။ သမ္မတအိုဘားမား (Barack Obama) အစိုးရကလည်း မြန်မာအစိုးရရဲ့ လူ့အခွင့်အရေး၊ ဒီမိုကရေစီပြောင်းလဲရေး ဆောင်ရွက်ချက်ညံ့ဖျင်းမှုတွေ ကြောင့် မြန်မာနိုင်ငံသာ အာဆီယံဥက္ကဋ္ဌနေရာယူခဲ့ရင် အမေရိကန်ပြည်ထောင်စုအနေနဲ့ အာဆီယံနဲ့လက်တွဲအလုပ်လုပ်ကိုင်ဖို့ မဖြစ်နိုင်ဘူးလို့ပြောဆိုထားခဲ့ဖူးပါတယ်။ မြန်မာအစိုးရဟာ ၂၀၁၄ ခုနှစ် အာဆီယံ ဥက္ကဋ္ဌနေရာ အဆိုပြုချက်ကို ပြီးခဲ့တဲ့ မေလ ဂျကာတာ အာဆီယံထိပ်သီးညီလာခံမှာ ဆုံးဖြတ်ချက်ပေးဖို့မျှော်လင့်ခဲ့ပေမဲ့ မျှော်လင့်သလိုဖြစ်မလာခဲ့ပါဘူး။

အာဆီယံအဖွဲ့အနေနဲ့ သူ့အဖွဲ့ဝင် နိုင်ငံများရဲ့ ပြည်တွင်းရေးကိစ္စကို ဝင်ရောက်စွက်ဖက်ခြင်း မပြုတဲ့မူကို စွဲကိုင်ထားတဲ့အတွက်ကြောင့်လည်း မလေးရှားနိုင်ငံမှာ မကြာခင်က ဖြစ်ပွားခဲ့တဲ့ အရေးအခင်းကို အကြမ်းဖက်နှိမ်နင်းခဲ့တဲ့ ကိစ္စအပေါ် ပြစ်တင်ပြောဆိုခြင်းမပြုဘဲ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွေ လုပ်နေတာကို အပြုသဘောဆောင်တဲ့ အားပေးတိုက်တွန်းမှုတွေသာ ပြုလုပ်နေတာဖြစ်တယ်လို့ အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဆူရင် ပစ်ဆူဝန်က ပြောဆိုခဲ့ပါတယ်။

"မလေးရှားမှာ ဖြစ်ပျက်နေတဲ့အခြေအနေတွေက နိုင်ငံရေးဖော် ဆောင်မှုမှာ ပြည်သူလူထုရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေတိုးလာနေတာကို ပြသနေပါတယ်။ ဒီလိုဖြစ်လာလိမ့်မယ်လို့လည်း မျှော်လင့်ထားပါတယ်။ နိုင်ငံ တနိုင်ငံချင်းစီက ကိုယ့်ရဲ့ပြဿနာကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဖြေရှင်းကြတာပါ။ ဒါပေမဲ့ ဖြေရှင်းတဲ့နေရာမှာ ငြိမ်းချမ်းပြီး အပြုသဘောဆောင် ဖြေရှင်းကြဖို့လည်း ကျနော်တို့က မျှော်လင့်ပါတယ်။" အခုကျင်းပမယ့် အစည်းအဝေးမှာ မြောက်ကိုရီးယားအရေး၊ ထိုင်းနဲ့ ကမ္ဘောဒီးယားနယ်စပ်ပြဿနာနဲ့ တောင်တရုတ်ပင် လယ်အတွင်း ပိုင်နက်အငြင်းပွားနေမှုတွေကိုလည်း ထည့်သွင်းဆွေးနွေးမှာဖြစ်တယ်လို့ သိရပါတယ်။

---

# ထိုင်းရဟတ်ယာဥ် မြန်မာထဲမှာပျက်ကျ

**RFA ၊ ဂျူလိုင် ၂၀ ။ ။** ထိုင်း-မြန်မာနယ်စပ်မှာ မနေ့က ပျက်ကျခဲ့တဲ့ ထိုင်းစစ်တပ်ပိုင် Black Hawk ရဟတ်ယာဥ်ကို မြန်မာစစ်တပ်က ရှာဖွေ တွေ့ရှိထားတယ်လို့ ထိုင်းစစ်တပ်က ဒီကနေ့ပြောကြားပါတယ်။ ဒီရဟတ်ယာဥ်ဟာ မြန်မာနိုင်ငံဘက်ခြမ်းက ဖာမယ်ဒန်း (Pha Mai Daeng) ကျေးရွာ အနီးမှာ ပျက်ကျခဲ့တာဖြစ်ပြီး ဒီနေရာဟာ ထိုင်းနယ်စပ်မျဥ်းနဲ့ ၁ ကီလိုမီတာ အကွာမှာရှိတယ်လို့ ဆိုပါတယ်။

ဒီလို တွေ့ရှိတာကို မြန်မာတပ်က ထိုင်းစစ်တပ်ကို အကြောင်းကြားထားပေမယ့် လိုက်ပါသွားသူ ၉ ဦးရဲ့ အခြေအနေကိုတော့ အသေးစိတ်အကြောင်းကြားမထားဘူးလို့သိရပါတယ်။ တချိန်ထဲမှာလည်းမနေ့က ပျက်ကျရာမှာလိုက်ပါသွားသူတွေကို ထိုင်းကယ်ဆယ်ရေးအဖွဲ့တွေ

**စာမျက်နှာ ၁၂ သို့**



# သတင်းတိုထွာဖတ်စရာ

စရွ်စိစရွး

## လေယာဉ်ကွင်းများတိုးချဲ့မည်ဆို

ရန်ကုန် မန္တလေး နေပြည်တော်နဲ့ ပုဂံညောင်ဦးမြို့များရှိ လေဆိပ်များကို တိုးချဲ့ပြုပြင်ဆောက်လုပ်သွားဖို့ ဂျာမဏီမှ Fritz Werner Industries Ausr ustungen ကုမ္ပဏီက သဘောတူလိုက်ပါတယ်။ သီလဝါဆိပ်ကမ်းနဲ့ ရန်ကုန်ဆိပ်ကမ်းတို့ကိုလည်းတိုးချဲ့ဆောက်လုပ်သွားမယ်လို့ဆိုပါတယ်။ တနှစ်ကုန်တန်ချိန်သန်း ၈၀ ကျော်အတင်အချလုပ်နိုင်တဲ့ ဘောတံတားများကို ပြုပြင်တည်ဆောက်ပေးမှာဖြစ်ပါတယ်။ (Xinhua 19 July, 2011)

## လူသတ်ကြောင်း ဝန်ခံသူ

မိမိကိုယ်ကို ထောက်လှမ်းရေးဗိုလ်လို့ပြောဆိုပြီး ၈၈ အရေးအခင်းအတွင်း ဆန္ဒပြသူ ၁၅၀ ကျော်သတ်တဲ့အထဲမှာ သူပါကြောင်းနဲ့ သူကိုယ်တိုင်က ၂၄ ယောက်သတ်ခဲ့ကြောင်း သြစတြေးလျားရဲကိုထုတ်ပြောတဲ့ ထူးထူးဟန်ရဲ့စကားကို ယုံကြည်သူနည်းပါတယ်။ အခုချိန်မှ ဘာကြောင့် ဒီလို့ပြောလာရသလဲ ဆိုတဲ့ မေးခွန်းတွေလည်း ထွက်လာပါတယ်။ ထူးထူးဟန်သည် မယ်လဘုန်းမှာဒုက္ခသည်ဗီဇာနဲ့နေထိုင်ပြီး အရှုံးဆေးပုံမှန်သောက်ရတယ်လို့လည်း နီးစပ်သူများကပြောပါတယ်။ (The Age 20 July, 2011)

## မြန်မာတဦး ဖမ်းဆီးပစ်ဒဏ်ချ

အသက် ၃၃ နှစ်ရှိ ဝင်းစိန်ခေါ် မြန်မာနိုင်ငံသားတဦးကို မလေးရှားတရားရုံးမှ ထောင်ဒဏ်တလနဲ့ ဒဏ်ငွေ မလေးရင်ဂစ် တသောင်းပစ်ဒဏ်ချမှတ်လိုက်ပါတယ်။ တရားဝင်စာရွက်စာတမ်းမရှိပဲ ခရီးသွားစဉ် မလေးရှားရဲမှ လမ်းတွင် တားဆီးစစ်ဆေးရာ ဝင်းစိန်မှ ရဲကို လာဘ်ငွေ ၂၀ လာဘ်ထိုးမှုအပါအဝင်တရားမဝင်ခိုးဝင်မှုနဲ့ အခုလိုဖမ်းဆီးပစ်ဒဏ်ချမှတ်လိုက်တာဖြစ်တယ်လိုသတင်းကဆိုပါတယ်။ (Bernama 19 July, 2011)

## ရန်ကုန် မြို့ပတ်ရထားသစ်

ပျက်စီးယိုယွင်းနေတဲ့ ရန်ကုန်မြို့ပတ်ရထားလိုင်းကို ပုဂ္ဂလိကလက်သို့လွှဲပြောင်းပေးတော့မယ်လို့ အစိုးရအာဘော်သတင်းစာက ရေးပါတယ်။ ၈၈ အရေးအခင်းပြီးနောက်ပိုင်းမှာ အစိုးရမှ ပြန်လည်ပြုပြင်မွမ်းမံပြီး မြို့ပတ်ရထားကို ပုံမှန်ပြေးဆွဲခဲ့နိုင်ခဲ့ပါတယ်။

မြို့ပတ်ကို ရထားခ ၂၀ ကျပ်နဲ့ ပြေးဆွဲနေရာ၊ အခု ပုဂ္ဂလိကလက်ထဲလွှဲပြောင်းပေးပြီး ပိုမိုကောင်းမွန်အောင် ပြုပြင်ပြီး ပြေးဆွဲမယ်လို့ဆိုပါတယ်။ ရထား ၂၀ စီးနဲ့ ပြေးဆွဲမှာဖြစ်ပြီး ၂ နာရီကျော်သာသာကြာမည့် မြို့ပတ်ကို တစ်ခေါက်လာယူမယ်လို့ဆိုပါတယ်။ (AP-RGN 21 July, 2011)

## လူပေါင်း ၃၀၀၀ ကျော် ဒုက္ခရောက်မယ့်စီမံကိန်း

မြန်မာနိုင်ငံတွင်း လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးဆန့်ကျင်ကြောင်းနဲ့ အဲဒီ စီမံကိန်းမှာ ပါဝင်ပတ်သက်နေတဲ့ ထိုင်းနိုင်ငံမှ Electricity Generating Authority of Thailand (Egat) ကုမ္ပဏီကိုလည်း စီမံကိန်းမှ နှုတ်ထွက်ရန်ချင်းမိုင်အခြေစိုက် A network of environmentalists and villagers အဖွဲ့မှ တိုက်တွန်းတောင်းဆိုလိုက်ပါတယ်။ ဘတ်သန်းပေါင်း၂၇၀ ကုန်ကျမယ့် ဒီစီမံကိန်းကြောင့် ကျေးရွာပေါင်း ၂၀ ကျော်မှ လူပေါင်း ၃၀၀၀ ကျော်ဟာ အတင်းအဓမ္မပြောင်းရွှေ့ပေးရမှာဖြစ်ပါတယ်။ (The Nation 22 July, 2011)

## မဲခေါင် စီမံကိန်း

အာရှဒေသတွင်း မဲခေါင်မြစ်ကြောင်းတလျှောက် ကမ္ဘာလှည့်ခရီးသည်များပိုမိုလာရောက်ရေးကြိုးပမ်းတဲ့အနေနဲ့ မြန်မာနိုင်ငံတွင်း ရှေးဟောင်းမြို့ဖြစ်တဲ့ ပုဂံမှာ Greater Mekong Subregion (GMS)- အဖွဲ့မှ ခရီးသွားလုပ်ငန်းကိစ္စတွေကို ဆွေးနွေးပြသကြမယ်လို့ သိရပါတယ်။ ကီလိုမီတာ ၄၅၀၀ ရှည်လျားပြီး တရုပ်မှတဆင့် မြန်မာ လာအို ထိုင်း ကမ္ဘောဒီးယားနဲ့ ဗီယက်နန်တို့ကို ဖြတ်သန်းသွားတဲ့ မဲခေါင်းမြစ်ကြောင်းတလျှောက် ကမ္ဘာ့ခရီးသည်များ လွယ်ကူစွာသွားလာနိုင်ရေးအပြင် GMS ၆ နိုင်ငံအဖွဲ့ အာရှဒေသတွင်း စီးပွားရေးကိစ္စပါ အလေးထားဆွေးနွေးကြသည်ဟုဆို၏။ (Xinhua 21 July, 2011)

## မူးယစ်ဆေးအများအပြားဖမ်းမိ

တာချီလိတ်မြို့နဲ့ မျက်နှာချင်းဆိုင် မယ်ဆိုင်မြို့မှာ မူးယစ်ဆေးအမြောက်အများ ဖမ်းဆီးမိတယ်ပါတယ်။ ကာလပေါက်စျေး ဘတ်သန်း ၅၀၀ နဲ့ညီမျှတဲ့ ယာဘ ခေါ် မူးယစ်ဆေးပြား တသန်းကျော်နဲ့ Ice ဆေးတောင့် ၇၃ တောင့်၊ AK-47 မောင်းပြန်ရိုင်ဖယ်တလက်နဲ့ကျည်ဆံများပါ ဖမ်းဆီးခဲ့တယ်လို့သတင်းကဆိုပါတယ်။ တရားခံတဦးအသေမိပြီး တဦးထွက်ပြေးလွတ်မြောက်သွားတယ်လို့ သတင်းကရေးပါတယ်။ (The Nation 20 July, 2011)

## သမတဦးသိန်းစိန် ဆက်ပြီးမှုဒိမ်းကျင့်

အရပ်သားအစိုးရအမည်ခံ သမတဦးသိန်းစိန်တက်လာပြီး သုံးလကျော်ကြာလာခဲ့ပေမယ့် ထူးခြားတဲ့ ဒီမိုကရေစီအရိပ်အယောင်မတွေ့ရပဲ၊ တိုင်းရင်းသားများအပေါ် အကြီးအကျယ်ထိုးစစ်ဆင်မှုတွေ ဆက်လုပ်နေပါတယ်။ ဒီလိုထိုးစစ်ဆင်ရာမှာ တိုင်းရင်းသားများကို ပေါ်တာဆွဲခြင်း၊ မုဒိမ်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခြင်းစတဲ့ လူ့အခွင့်အရေးချိုးဖောက်မှု နေရာအနှံ့မှာ ပြုကျင့်နေတယ်လို့ Global Council of Indian Christians (GCIC) အဖွဲ့ကြီး စွပ်စွဲလိုက်ပါတယ်။ (AsiaNews 19 July, 2011)

## ဂျပန်ခရီးသွားများကို မြန်မာမျှော်

မြန်မာ ဂျပန်ခရီးသွားလုပ်ငန်းတိုးချဲ့ဖို့စီစဉ်နေကြောင်း၊ မတ်ချ်လ အားပြင်းငလျင်ကြောင်း ဆူနာမိဖြစ်ပွားအပြီး ဂျပန်လူမျိုးများ ခရီးအသွားနည်းသွားတာကို ပြန်လည်မြှင့်တင်မှာဖြစ်တယ်လို့ ဆိုပါတယ်။ မြန်မာကိုလာတဲ့ ကမ္ဘာ့ ခရီးသည်များအနက်ဂျပန်ခရီးသည်ဟာ တတိယအများဆုံးဖြစ်ပါတယ်။ တကမ္ဘာလုံးကို သွားတဲ့ ဂျပန်ခရီးသည် ၁၇ သန်းကျော်အနက် အာရှဒေသဆီကို ၄ သန်းကျော်အလည်လာပါတယ်။ လာမယ့် ခရီးသွားရာသီမှာ ဂျပန်မှ ခရီးသည်များမြန်မာသို့ ပိုမိုလာဖို့မျှော်လင့်ထားပါတယ်။ (Xinhua 21 July, 2011)

# ရှမ်းပြည်တိုးတက်ရေးပါတီတပ်ဖွဲ့နဲ့ ဦးသိန်းစိန်အစိုးရသစ်တပ်တို့ တိုက်ပွဲပြင်းထန်

**VOA । ဂျူလိုင် ၁၉ ။ ။** မြန်မာစစ်တပ်ဘက်က စစ်အင်အားအလုံးအရင်းနဲ့ SSA/SSPP ရှမ်းပြည်တိုးတက်ရေးပါတီ တပ်ဖွဲ့အပေါ် ထိုးစစ်ဆင်ခဲ့ရာမှာ SSA/SSPP တပ်ဖွဲ့တွေရဲ့ခုခံမှုကြောင့် ဌာနချုပ်နဲ့ ၅ မိုင်အကွာမှာပဲ ရပ်တန့်သွားတယ်လို့ဆိုပါတယ်။ အခုစစ်ဆင်ရေးမှာ မြန်မာစစ်တပ်ကနေ စခန်းသိမ်းနိုင်တဲ့အခြေအနေတွေရှိနေပြီး ရှမ်းပြည်တိုးတက်ရေးပါတီကတော့ ယာယီဌာနချုပ်အသွင်နဲ့ ဆက်ပြီး တိုက်ပွဲဝင်မယ်လို့ပြောပါတယ်။ အခုတိုက်ပွဲအတွင်းမှာ မြန်မာစစ်တပ်အကြီးအကဲတွေက ဒေသခံတွေအပေါ် မတရားတဲ့ စစ်မိန့်တွေပေးထားတယ်လို့လည်း ရှမ်းပြည်တိုးတက်ရေးပါတီခေါင်းဆောင်တွေက ပြောပါတယ်။ အပြည့်အစုံကို ထိုင်းအခြေစိုက် VOA သတင်း ထောက်နိုင်ကွန်းအိန်က တင်ပြပေးထားပါတယ်။

ရှမ်းပြည်တိုးတက်ရေးပါတီဝမ့်ဟိုင်းဌာနချုပ်စခန်းသိမ်းဖို့ထိုးစစ်ဆင်နေတဲ့ မြန်မာစစ်တပ်ဟာ ရှမ်းတပ်ဖွဲ့တွေရဲ့ ခုခံတိုက်ခိုက်နေမှုကြောင့် နောက်ဆုံးဝင်လာတဲ့သတင်းအရ ဌာနချုပ်နဲ့ ၅ မိုင်အကွာမှာပဲ ရပ်တန့်နေရတယ်လို့ရှမ်းပြည်တိုးတက်ရေးပါတီ ခေါင်းဆောင်တွေက ပြောပါတယ်။ SSA/SSPP ခေါ် ရှမ်းပြည်တိုးတက်ရေးပါတီ တပ်ဖွဲ့အနေနဲ့ကတော့ ရှေ့တန်းနမ့်ကိုင်ဖိတ်စခန်းကနေ တဆင့်ချင်းဆုတ်ခွာပြီး မြန်မာစစ်တပ်တွေကို ပြောက်ကျားစနစ်နဲ့ တိုက်ခိုက်နေတယ်လို့ အဖွဲ့ရဲ့ ဗဟိုကော်မတီဝင်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက ဗွီအိုအေကို အခုလို ပြောပါတယ်။

"အခြေအနေက သူတို့ ရှေ့ဆက်မတိုးနိုင်သေးဘူး။ အဲဒီ ဝမ့်မိန်နားမှာပဲ ရပ်နေတယ်လေ။ သူတို့တပ်တွေက ကျနော်တို့ ဝမ့်ဟိုင်း နဲ့ ၅ မိုင် ၆ မိုင်လောက်ပေါ့။ ကျနော်တို့တပ်တွေလည်း ရှိသေးတယ်လေ အဲဒီမှာ။ ဝမ့်ဟိုင်းဝန်းကျင် ကျနော်တို့တပ်တွေ ရှိသေးတယ်။ အဲဒီမှာ ကျနော်တို့လူက နမ့်ကိုင်ဖိတ်က ခွာကတည်းက တိုက်ရင်း ဆုတ်ရင်း တိုက်ရင်းနဲ့ပေါ့။ အဲဒီမှာကျဆုံး ဒဏ်ရာရတာတော့ မသိသေးဘူး။"

ဝမ့်ဟိုင်းဌာနချုပ်ကို သိမ်းဖို့ ထိုးစစ်ဆင်လာတဲ့ မြန်မာစစ်တပ်ရဲ့ အင်အားအနေအထားအရ အားသာမှုရှိနေတာကြောင့် စခန်းကိုသိမ်းနိုင်ခဲ့တာတောင် SSA/SSPP တပ်ဖွဲ့တွေအနေနဲ့ ဌာနချုပ်ကို အတည်တကျမထားတော့ဘဲ လှည့်လည်ပြီး ကျောပိုးအိတ် ဌာနချုပ် အသွင်သာ လှုပ်ရှားသွားမယ်လို့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက အခုလို ပြောပါတယ်။

"ဝမ့်ဟိုင်းဌာနချုပ် ကျသွားလည်း ကျပါစေလေ။ ကျသွားလည်း ကျနော်တို့ SSA က လုံးဝ ပျောက်သွားတာ မဟုတ်ပါဘူး။ ကျနော်တို့ အဲဒီအဆောက်အဦးတွေပဲ ရမှာပေါ့။ ကျန်တာ ဘာမှ ရစရာအကြောင်း မရှိပါဘူး။ အဲဒီဌာနချုပ်တော့ လောလောဆယ် တခြားနေရာ ပြန်တည်ဆောက်ဖို့တော့ ကျနော်တို့ အခက်အခဲအများကြီး ရှိပါတယ်။ ဒီအတိုင်း ပြောက်ကျားဒေသမှာပဲ လှည့်ပတ်ပြီးတော့ ဒီအတိုင်းပဲ နေနေမှာပဲ။ ငြိမ်းချမ်းရေး မယူခင်တုန်းကလည်း ရောက်တဲ့နေရာ ဌာနချုပ်ဖွင့်တာပဲ။"

ဒီ ဝမ့်ဟိုင်းဌာနချုပ် စခန်းသိမ်းတိုက်ပွဲမှာ အမှတ် ၂ စစ်ဆင်ရေးကွပ်ကဲမှု စစ်ဌာနချုပ်က အကြီးအကဲ ဒု-ဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်ကနေ ကိုယ်တိုင်ကွပ်ကဲနေသလို မလိုလားအပ်တဲ့ညွှန်ကြား ချက်အမိန့်တွေပေးနေတယ်လို့ ရှမ်းပြည်တိုးတက်ရေးပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးစိုင်းလက အခုလို ဆက်ပြောပါတယ်။

"တိုင်းချုပ်အောင်သန်းထွဋ်လေ၊ စစ်ဆင်ရေးကွပ်ကဲမှု စစ်ဌာနချုပ်အမှတ် ၂ ပေါ့။ အဲဒီ မိုင်းနောင်မှာလေ၊ အဲဒီမှာ သူ့တပ်ကို သူ ညွှန်ကြားလိုက်တယ်။ မိုင်းနောင်က ကျနော်တို့ အထောက်တော် သတင်းပေးချက်အရလေ။ အမျိုးသားတွေတွေ့ရင် ပစ်သတ်လိုက်။ အမျိုးသမီးတွေတွေ့ရင် မုဒိမ်းကျင့်ဆိုပြီး အဲဒီလို ညွှန်ကြားချက်ပေးထားတော့ တိုင်းချုပ်ရဲ့ညွှန်ကြားချက်အတိုင်းပဲ၊ ၁၆ ရက်နေ့က ခလရ ၂၂ က ဒု-အရာခံဗိုလ်စံဆာက အဲဒီ ဝမ့်ချက်နဲ့ ဆိုင်းခေါ်ကြားမှာ နွားကျောင်းနေတဲ့ ရွာသားတယောက်ကို သွားပစ်သတ်လိုက်တယ်။ အဲဒါ အကြောင်းမဲ့ ပစ်သတ်တာပဲ။"

ဟုတ်ကဲ့။ တောင်ပိုင်းနဲ့ မြောက်ပိုင်းဆိုပြီး ကွဲနေတဲ့ SSA ဟာ တဖွဲ့တည်းပေါင်းစည်းသွားပြီလို့လည်း သိရပါတယ်။ မြောက်ပိုင်း SSA အပေါ် အခုလို မြန်မာစစ်တပ်ကနေ ထိုးစစ်ဆင်လာတော့ တောင်ပိုင်းတပ်တွေကရော ဘယ်လို အကူအညီတွေပေးနေပါသလဲ။ စစ်ရေးအရရော ကူညီဖို့ အစီအစဉ် ရှိပါသလားခင်ဗျ။

"တောင်ပိုင်းကတော့ သူတို့နယ်မြေထဲမှာ သူတို့လှုပ်ရှားပြီးတော့ သူတို့လည်း တိုက်ပါတယ်။ ဒါပေမဲ့ အဲဒီတိုက်ပွဲ သတင်းတွေတော့ ကျနော်တို့ဆီမရောက်သေးဘူး။ လိုအပ်ရင်တော့ အချိန်မရွေး သူတို့လည်း ကူဖို့အသင့်ရှိပါတယ်။ လောလောဆယ်တော့ ကျနော်တို့လည်း မလိုအပ်သေးပါဘူး။"

SSA/SSPP ခေါ် ရှမ်းပြည်တိုးတက်ရေးပါတီ တပ်တွေနဲ့ မြန်မာစစ်တပ်တို့ဟာ ဇူလိုင်လ ၁၁ ရက်ကနေ အခုချိန်ထိ တိုက်ပွဲတွေ ဖြစ်ပွားနေပါတယ်။ ဒီတိုက်ပွဲတွေမှာ နှစ်ဦးနှစ်ဘက် ထိခိုက်မှုတွေရှိရုံမက အရပ်သားတွေ အပေါ်မှာလည်း ထိခိုက်မှုရှိနေတယ်လို့ သတင်းတွေ ပေါ်ထွက်နေပါတယ်။

မြန်မာစစ်တပ်အနေနဲ့ ရှမ်းပြည်တိုးတက်ရေးတပ်အပေါ်မှာအင်အားအရရော လက်နက်ကြီးတွေနဲ့ရော ပစ်ခတ်မှုတွေ ပြုလုပ်နေတာကြောင့် အရပ်သားတွေနဲ့ ကျောင်းသူကျောင်းသားတွေဟာ စစ်ဘေးလွတ်ရာကို တိမ်းရှောင်နေရတဲ့ အခြေအနေမှာ ရှိနေပါတယ်။တချို့ငွေကြေး တတ်နိုင်သူတွေကတော့ မိုင်းရှူးမြို့နယ်ထဲကို တိမ်းရှောင်နေကြပြီး ငွေကြေးအင်အားမတတ်နိုင်သူ အများစုကတော့ တောတောင်တွေထဲမှာ၊ တောင်ယာတွေထဲမှာ ပုန်းအောင်တိမ်းရှောင်နေရတယ်လို့လည်း ရှမ်းပြည်တိုးတက်ရေးပါတီခေါင်းဆောင်တွေက ပြောပါတယ်။

---

**စာမျက်နှာ ၁၀ မှ**

က လိုက်လံရှာဖွေနေတယ်လို့ ထိုင်းစစ်တပ်ပြော ခွင့်ရသူက ဒီကနေ့ ပြောကြားပါတယ်။ Black Hawk စစ်ရဟတ်ယာဉ်ဟာ မနေ့ နေ့ခင်းက မြန်မာနိုင်ငံဘက်ခြမ်းမှာ ပျက်ကျခဲ့ပြီး ထိုင်းတပ်မ ၉ က တပ်မမှူး ဗိုလ်ချုပ်တာဝမ် အပါအဝင် ထိုင်းစစ်ဖက်အရာရှိ ၈ ဦး၊ ဓာတ်ပုံ မှတ်တမ်းတင်သူ တဦးလိုက်ပါသွားခဲ့ပါတယ်။ ဒီ Black Hawk ရဟတ်ယာဉ်ဟာ ထိုင်း မြန်မာနယ်စပ်မှာ ပြီးခဲ့တဲ့တနင်္ဂနွေနေ့က ပျက်ကျခဲ့တဲ့ထိုင်းစစ်ရဟတ်ယာဉ်နဲ့ပျောက်ဆုံးနေသူတွေကို ရှာဖွေဖို့နယ်စပ်အသွားမှာ ပျက်ကျခဲ့တာဖြစ်ပါတယ်။ တနင်္ဂနွေနေ့က ပျက်ကျခဲ့တဲ့ မူလရဟတ်

**စာမျက်နှာ ၁၈ သို့**

**ပြက္ခဒိန်မှ**

**ဂျူလိုင် ၂၁ I XNA II** II မြန်မာအစိုးရသည် ပီဒီပီပါတီအား နိုင်ငံရေးပါတီတခုအဖြစ် အသိအမှတ်ပြု ခွင့်ပြုလိုက်၏။

**ဂျူလိုင် ၂၁I XNA II** II မြန်မာနှင့် ဂျပန်တို့သည် ခရီးသည်လည်ပတ်မှုကို အားပေးတိုးချဲ့မည်။

**ဂျူလိုင် ၂၁ I Hamilton Spectator II** ကနေဒါနိုင်ငံ Hamilton မြို့မှ ရဲအဖွဲ့သည် မူးယစ်ဆေးလုပ်သူ လူမဲတဦးအားဖမ်းရန် အိမ်မှား၍ ကရင်ဒုက္ခသည် ဦးဖိုးလ ပေးအား ဝိုင်းဝန်းချုပ်နှောင်ဖမ်းဆီး ဖိနပ်ဖြင့်အကန်ခံရရာ နံရိုးသုံးချောင်းကျိုး ခေါင်းဒဏ်ရာရ မျက်နှာပွန်းပဲ့ ဒဏ်ရာရခဲ့ကြောင်း။

**ဂျူလိုင် ၂၁ I Irrawaddy II** II ဂျွန်လတွင် မန္တလေး မေမြို့ နေပြည်တော်တို့တွင် "ဗုံးဖေါက်သူ သံသယရှိသူများ၏ ပုံများကို အလိုရှိသည်"ပိုစတာများကို ရန်ကုန် မန္တလေး နေပြည်တော် မြစ်ကြီးနားတို့တွင် လူမြင်ကွင်းကောင်းနေရာများတွင် ကပ်ထားကြောင်း။

**ဂျူလိုင် ၂၁ I Irrawaddy II** II ပြည်ပရောင်းခွန်ကို ၁၀ ရာနှုန်းမှ ၇ ရာနှုန်းအထိ လျှော့သော်လည်း ကျပ်ဈေးမြင့်မှုကြောင့် မြန်မာပြည်ထုတ်ကုန်လုပ်ငန်းရှင်များ အတွက် အထောက်အကူသိပ်မဖြစ်ကြောင်း။

**ဂျူလိုင် ၂၁ I Mizzima II** II မြန်မာတပ်များ၏ ဒီကေဘီအေတပ်များအား ပစ်ခတ်မှုသည် မြဝတီအနီးအထိရောက်ကြောင်း။

**ဂျူလိုင် ၂၁ I Mizzima IAP II** II ဩစတြေးလျားနိုင်ငံသားအဖြစ်ခံရယူထားသူ ဘရစ်စဘိန်းတွင်နေသူ ဦးထူးထူးဟန်ဆိုသူက မိမိသည် ၁၉၈၈ အရေးအခင်းတွင် လူ ၁၀၀ ကျော်ခန့်သေစေခဲ့မှုတွင်ပါဝင်ခဲ့သဖြင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ပြီး International Criminal Court ၏ အဆုံးအဖြတ်ခံလိုကြောင်းဖြင့်ဆိုကြောင်း သို့သော် သူ၏ပြောဆိုချက်သည် ရှေ့နောက်မညီဘဲ နောက်ဆုံးစစ်အစိုးရအား အထောက်အပံ့ပြုပုံရ၍ လူအများမှသံသယဖြစ်နေ၏။

**ဂျူလိုင် ၂၁ I DVB II** II တပ်မ ၅၃၀ တို့အား တလလျှင် စစ်သည် ၄ ဦးထက်မနည်းစုနိုင်သောတပ်မအဖြစ် ကျပ်ငွေတသန်းချီးမြှင့်မည်ဟု နေပြည်တော်ညွှန်ကြား စာသစ်မှဆိုကြောင်း မင်းလှိုင်မှ သတင်းဝေဖန်၏။

**ဂျူလိုင် ၂၀ I Asian Correspondent II** II မြန်မာအစိုးရသည် တိုးတက်မှုကို တိုင်းရင်းအဖွဲ့များအား ဖြိုခွဲရန် လက်နက်ကြီးတခုအ ဖြစ်သုံးနေ၏။

**ဂျူလိုင် ၂၀ I IANS II** II အမေရိကန်သည် အိန္ဒိယအား လုံခြုံရေးကောင်စီအဖွဲ့ဝင်ဖြစ်ရေး ထောက်ခံထားသော်လည်း အိန္ဒိယသည် မြန်မာတွင် လူ့အခွင့်အရေး ဖောက်ဖျက်မှုများအား ထုတ်ဖေါ်ပြောဆိုရန်လည်း အမေရိကန်နိုင်ငံခြားရေးတာဝန်ခံ ကလင်တန်မှ တိုက်တွန်း၏။

**ဂျူလိုင် ၂၀ I Asian Correspondent II II** အာဇာနည်နေ့တွင် NLD သည် တွေ့ဆုံဆွေးနွေးရေးကို ထပ်မံအလေးအနက်ထုတ်ပြန်ကြေညာတောင်းဆိုလိုက်၏။

**ဂျူလိုင် ၂၀ I Irrawaddy II** II မြန်မာတပ်များ သုံး လေးရက်အတွင်း မိမိတို့၏ လိုင်ဇာစခန်းအား မဟာထိုးစစ်ဆင်နိုင်သည့်သတင်းကြောင့် ကေအိုင်အေ ကချင် တပ်သည် အထူးတပ်လှန့်ထား၏။

**ဂျူလိုင် ၁၉ I Mizzima II** II ဂျူလိုင် ၁၁ မှစ၍ ဦးသိန်းစိန်စစ်တပ်မှ အဆက်မပြတ်တိုက်ခိုက်နေ၍ ရှမ်းများစွာသည် တောထဲတွင် ပုန်းခိုနေရ၏။

**ဂျူလိုင် ၂၀ I Thai Rath II** II ပျက်ကျသော လင်းယုန်နက် ရဟတ်ယဉ်အား မြိတ်ဖက်တွင် တွေ့ကြောင်း။

**ဂျူလိုင် ၁၉ I Agencies II** II ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် လူထု ၃၀၀၀ ကျော်ခန့်သည် NLD ရုံးချုပ်မှ အာဇာနည်ဗိမာန်သို့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်များအား ဂါရဝပြုကာ လူထုချီတက်မှုကို ၉ နှစ်အတွင်း ပထမ်အကြိမ်ပြုလုပ်နိုင်ခဲ့၏။

**ဂျူလိုင် ၁၈ I Asian Correspondent II** II မြန်မာ၏ အာဆီယံကံကြမ္မာတွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ စစ်ရာဇဝတ်မှုအထူးစုံစမ်းစစ်ဆေးရေးအဖွဲ့မှ ထိပ်ဆုံးမှ ပါဝင်သင့်ကြောင်း ဇင်လင်းမှသတင်းဝေဖန်အကြံပြု၏။

**ဂျူလိုင် ၁၈ I BP II** II ပျက်ကျသောရဟတ်ယဉ်မှ စစ်သည်များအားကယ်ရန် အသွား နောက်ရဟတ်ယဉ်လည်း မြန်မာဖက်တွင် ထပ်မံပျက်ကျ၏။

---

# လူမှုရေးလုပ်ငန်း ဆောင်ရွက်ပေးနေသူ ဗိုလ်ကြီးနေမျိုးဇင် ပြင်ပ ဆေးကုသခွင့်မရဖြစ်နေ

**RFA I ဂျူလိုင် ၂၁ II** II လူမှုရေးလုပ်ငန်းတွေကို ကူညီဆောင်ရွက်ပေး ရင်းက အင်းစိန်အကျဉ်းထောင်မှာ ဖမ်းဆီးခံထားရတဲ့ ဗိုလ်ကြီးဟောင်း နေမျိုးဇင်ဟာ ခါးနာတဲ့ဒဏ်ကြောင့် ဒီကနေ့ ရုံးချိန်း မလာနိုင်ခဲ့သလို တရားရုံးကလည်း ပြင်ပဆေးကုသခွင့် မပြုခဲ့ဘူးလို့ သိရပါတယ်။

ဗိုလ်ကြီးဟောင်းနေမျိုးဇင်ဟာ အကျဉ်းထောင်တွင်းမှာ ရေချိုး ရင်းက ချော်လဲခဲ့ရာက ခါးမှာ ဒဏ်ရာပြင်းထန်ခဲ့တာပါ။ ထောင်ဆေးရုံ မှာတက်ရောက်ကုသနေရပြီး ပြင်ပမှာဆေးကုသခွင့်ရရှိဖို့ အတွက် တရားရုံးမှာ တင်ပြတောင်းဆိုထားပေမည့် ထောင်ဆရာဝန်ရဲ့ဆေးမှတ် တမ်းမပါတာကြောင့် တရားရုံးကခွင့်မပြုခဲ့ဘူးလို့ ကိုနေမျိုးဇင်ရဲ့ ဇနီးဖြစ်သူ မဇင်မျိုးမော်က အာအက်ဖ်အေကို ပြောပါတယ်။

"နေမျိုးဇင်ရဲ့ဆေးမှတ်တမ်းပါမှ ရမှပေးမယ်တဲ့။ ဖြစ်တဲ့လူက သူ့ရဲ့ဆေးမှတ်တမ်းနဲ့တွဲပြီးတင်ရမယ်တဲ့။ တွဲပြီးမတင်တဲ့အတွက် မရ ဘူးတဲ့။ တရားရုံးကတင်အမိန့်ချပေးတယ်တဲ့ ရှေ့နေကပြောတယ်။ ထောင်ထဲမှာ ဘာရောဂါကုနေရတယ်ဆိုတဲ့ ဆေးမှတ်တမ်းကိုမပေးဘူး ဆေးစာဘဲပေးတယ်။ ဆေးစာက အခုဆိုရင်ပေါ့ ဘာဆေးလိုတယ်ညာ ဆေးလိုတယ် အဲ့လိုဟာလောက်ပဲ ပေးတယ်။ ထောင်ဆေးရုံမှာဘဲကု နေရတာပေါ့။ ပြီးခဲ့တဲ့အပတ်ကလည်း မတွေ့ဖြစ်ဘူး ခါးနာနေလို့တဲ့။ ဒီတစ်ပတ်လည်း သွားတဲ့အခါကျတော့ ရုံးကလည်း အဲ့ဒီဆေးရုံက ပြောလာတယ်ပေါ့ မထွက်နိုင်တဲ့အတွက် အမှုမစစ်ဖြစ်ဘူး။"

ပြီးခဲ့တဲ့ ဇူလိုင်လ ၇ ရက်နေ့က အင်းစိန်အကျဉ်းထောင် တရားရုံးမှာ ကိုနေမျိုးဇင်ကို ရုံးထုတ်စစ်ဆေးခဲ့ချိန်မှာလည်း တရားရုံး အတွင်း ခါးဒဏ်ရာကြောင့်ထိုင်မရဖြစ်နေတဲ့အတွက် တရားဝင်ပြင်ပမှာ ဆေးကုသခွင့်ပေးဖို့ တရားရုံးကို ရှေ့နေတွေကတဆင့် လျှောက်ထား ခဲ့တာပါ။

"ကုသခွင့်မရဘူးဆိုတော့ သူ့ရဲ့ ဒီ ကျန်တဲ့ ရောဂါထက်ကို ခါး ရောဂါက အောက်ပိုင်းတွေ ဘာတွေ သေသွားတာတို့ ဘာတို့ ဖြစ်မှာပဲ စိုးရိမ်တာပေါ့။"

ကိုနေမျိုးဇင်ဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လူငယ် သွေးအကူအညီပေးရေးအဖွဲ့နဲ့ တခြား လူမှုရေးလုပ်ငန်းတွေကို လုပ် ကိုင်ပေးနေတဲ့ လူငယ်တွေနဲ့အတူ လူမှုရေးလုပ်ငန်းတွေ ကူညီ ဆောင်ရွက်ပေးနေသူတစ်ဦးဖြစ်ပြီး သူ့ကို ဧပြီလ ၂ ရက်နေ့က အက်စ်ဘီ သတင်းတပ်ဖွဲ့က မေးစရာရှိလို့ဆိုပြီး ဖမ်းဆီး ခေါ်ဆောင် သွားခဲ့ပြီးနောက် ပုဒ်မ ၃၃ အီလက်ထရောနစ် အက်ဥပဒေနဲ့ တရား စွဲဆိုခဲ့တာ ဖြစ်ပါတယ်။ ကိုနေမျိုးဇင်ရဲ့ ကျန်းမာရေးအခြေအနေကြောင့် အင်းစိန်အထူးတရားရုံးကနေ အမှုမစစ်ဆေးနိုင်ခဲ့တဲ့အတွက် လာမည့် ဇူလိုင်လ ၂၈ ရက်နေ့ကို ပြန်လည်ချိန်းဆိုလိုက်တယ်လို့သိရပါတယ်။

# နိုင်ငံရေးသိပ္ပံသင်တန်းကျောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်

**RFA | ဂျူလိုင် ၂၂။ ။** NLD အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုပ်ဆောင်နေတဲ့ ပါတီဝင်များ အရည်အချင်းမြှင့်တင်ရေးအစီအစဉ်တခုအနေနဲ့ အဆင့်မြင့် နိုင်ငံရေးသိပ္ပံသင်တန်းကို ဒီကနေ့ စတင်လိုက်ပြီး တောင်ကိုရီးယားနိုင်ငံ အီဝါ အမျိုးသမီးတက္ကသိုလ်က ပါမောက္ခနှစ်ဦးက ပို့ချပေးပါတယ်။

ဇူလိုင်လ ၂၂ ရက်နေ့ကနေ ဇူလိုင်လ ၂၈ ရက်နေ့အထိ ပါမောက္ခ ဒေါက်တာ ဘရန်ဒန် ဟိုဝဲလ် နဲ့ ဒေါက်တာ မက်သီရပ်စ် မားစ် တို့က ပိတ်ရက်မရှိ ပို့ချသွားမယ်လို့ NLD ပြန်ကြားရေးတာဝန်ခံ ဦးအုန်းကြိုင်ကပြောပါတယ်။သင်တန်းကို ပြည်နယ်နဲ့တိုင်းတခုစီက သင်တန်းသားလေးယောက်စီ တက်ရောက်ကြပြီး ဗေဒါအခမဲ့ အဆင့်မြင့်ပညာ သင်တန်းကျောင်းက သင်တန်းသား ၂၀ လည်း တက်ရောက်တဲ့အပြင် တခြား မိတ်ဖက်ပါတီတွေက သင်တန်းသားတွေလည်း တက်ရောက်ပါတယ်။ စုစုပေါင်း သင်တန်းသား ၇၈ ဦး ရှိတယ်လို့ဆိုပါတယ်။ မနက်နဲ့ ညနေ တနေ့ နှစ်ချိန် သင်တယ်လို့ ဦးအုန်းကြိုင်ကပြောပါတယ်။

"ဒေါက်တာ ဘရန်ဒန် ဟိုဝဲလ်က မနက် ၉ နာရီကနေ ၁၂ နာရီအထိ စပြီးပို့ချပါတယ်။ Human Security and State Security ခေါ် လူသားမျိုးနွယ် လုံခြုံရေးနဲ့ နိုင်ငံတော်လုံခြုံရေး အဲဒီ ဘာသာရပ်တွေ သူရဲ့ အလားအလာများကို ပို့ချပါတယ်။ ညနေပိုင်းမှာ ဒေါက်တာ မက်သီရပ်စ် မားစ်က Introdution to International Relation နိုင်ငံတကာဆက်ဆံရေး မိတ်ဆက် ဘာသာရပ်ကိုပို့ချပါတယ်။"

ပို့ချသူကပဲ ဟောပြောသင်ကြားနေတာမျိုးမဟုတ်ဘဲ အပြန်အလှန် ဆွေးနွေးတဲ့ပုံစံနဲ့ ပို့ချတာမို့ သင်တန်းသားတွေ စိတ်ပါဝင်စားကြပြီး အပြန်အလှန် မေးမြန်းဆွေးနွေးကြပါတယ်။ လာမည့်အင်္ဂါနေ့မှာ ဒီကနေ့မနက်ပို့ချတဲ့ လူသားနဲ့နိုင်ငံတော်လုံခြုံရေးရဲ့ ဘာသာရပ်ခွဲတခုအဖြစ် Art of Negotiation တွေ့ဆုံ ဆွေးနွေးအဖြေရှာခြင်း နည်းပ ညာပို့ချပါမယ်။သင်တန်းသားတွေဟာ အုပ်စုငယ်လေးတွေခွဲပြီး သုံးသပ်ချက်တွေနဲ့ စာတမ်းတွေပြုစုကြဖို့ စီစဉ်ထားတယ်လို့သိရပါတယ်။

အင်္ဂလိပ်ဘာသာနဲ့ပို့ချတာမို့ သင်ကြားမှု ပိုမိုအထောက်အကူဖြစ်အောင် မနက်ပိုင်းမှာ NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဟံသာမြင့်က ဘာသာပြန်ပေးပြီး ညနေပိုင်းမှာ ဗေဒါသင်တန်းကျောင်းက ကိုမျိုးရန်မောင်သိန်းက ဘာသာပြန်ပေးပါတယ်။

သင်တန်းမှူးအဖြစ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုံးအဖွဲ့မှူးဦးဝင်းထိန်က ဆောင်ရွက်တယ်လို့သိရပါတယ်။

---

# မယ်တော်ဆေးခန်းအတွက် မိုင် ၂၈၀၀ စက်ဘီးခရီးနှင်

**RFA | ဂျူလိုင် ၂၁ ။ ။** ကနေဒါလူမျိုးတစ်ဦးနဲ့ မြန်မာလူမျိုး တစ်ဦးတို့ဟာ ကနေဒါနိုင်ငံအနောက်ဖက် Vancouver မြို့ကနေ မိုင်ပေါင်း ၂၈၀၀ ခန့်ရှိတဲ့ ကနေဒါအရှေ့ဖက်က Halifax မြို့အထိ ထိုင်းမြန်မာ နယ်စပ်ရှိ မယ်တော်ဆေးခန်းအတွက် ရံပုံငွေရှာတဲ့အနေနဲ့ နိုင်ငံကိုဖြတ်ပြီး ခရီးရှည်ကြီးကို စက်ဘီးနဲ့ခရီးနှင်ခဲ့တာ အခု Toronto မြို့ကို ဒီကနေ့ ဝင်လာလုနီးပြီလို့ Toronto မြို့က မြန်မာ့အရေးလှုပ်ရှားနေသူတစ်ဦးက RFA ကို ပြောပါတယ်။

စက်ဘီးသမား အလုပ်သမားရှေ့နေ Rod Germaine နဲ့ စက်ဘီးသမား ABSDF ရဲဘော်ဟောင်း ကိုစိုးနိုင်တို့ကို Toronto မြို့ရှိ "အမေ့အိမ်" စားသောက်ဆိုင်မှာ ဂုဏ်ပြုညှော်ခံပြီး ဆိုင်မှာကောက်ခံရရှိတဲ့ ရံပုံငွေတွေအပြင် ဆိုင်ကရောင်းချလို့ ရရှိထားတဲ့ငွေတွေရဲ့ ၁၀ ရာခိုင်နှုန်းကိုလည်း ပေးလှူကြဘို့ စီစဉ်ထားတယ် လို့လည်း ကိုစည်သူကပြောပါတယ်။ မြန်မာပြည်သူတွေ နယ်စပ်ဖက်ကနေ ခဲရာခဲဆစ် မဲဆောက်ရှိ ဒေါက်တာစင်သီယာမောင်ရဲ့ မယ်တော်ဆေးခန်းကိုဆေးကုသဖို့လာရောက်ကြတာကို တွေ့ရှိရာမှာခံစားမိလို့အခုလို ရံပုံငွေရှာဖို့ဖြစ် လာရတယ်ဆိုတာကိုလည်း ကိုစည်သူက ပြောပါတယ်။

"မြန်မာပြည်ကပြည်သူတွေကမဲဆောက်တံတားအောက်ကနေ ကားတာယာတွေနဲ့ကူးပြီး ဒေါက်တာစင်သီယာမောင်ရဲ့ဆေးခန်းမှာ လာကုရတာမြင်ရတော့ ကျနော် မျက်ရည်ကျခဲ့ရတဲ့ထိ ခံစားရပါတယ်။ ဒေါက်တာစင်သီယာကို ကူညီနိုင်ရင် ကျနော်တို့ပြည်သူတွေကို ကူညီနိုင်တာနဲ့အတူတူပါဘဲ။ Fund raising အောင်မြင်အောင် မရ ရအောင် ကျနော်တို့ ကြိုးစားနေတာပါ။ "

Toronto မြို့ကနေ ကိုစိုးနိုင်နဲ့ Rod Germaine တို့ဟာ ဇွန်လက စတင် ခရီးနှင်ခဲ့တဲ့ စက်ဘီးခရီးရှည်ကို နောက်ထပ် မိုင် ၇၅၀ ခန့် စီးနင်းမောင်းနှင်ပြီး Halifax မြို့မှာ ရံပုံငွေရှာပွဲကို အဆုံးသတ်မှာဖြစ်ပါတယ်။

---

# ဗိုလ်မှူးကြီးစန်းပွင့် ထောင်ထဲတွင် ရှိနေဆဲ

**MIZZIMA | ဂျူလိုင် ၂၂။ ။** အစိုးရက ၂၀၀၄ ခုနှစ်တွင် ဖမ်းဆီးထားခဲ့သော ထောက်လှမ်းရေးအရာရှိကြီးဟောင်းတဦးဖြစ်သူ ဗိုလ်မှူးကြီးစန်းပွင့်မှာ ထောင်ထဲတွင်ပင်ရှိနေသေးကြောင်း မိသားစုဝင်တဦးကပြောသည်။

အသက် ၆၀ ကျော်ခန့်ရှိ ဗိုလ်မှူးကြီးစန်းပွင့်သည် ယခုအခါ မကွေးတိုင်း သရက်ထောင်တွင် ပြစ်ဒဏ်များကျခံနေရပြီး တနင်္လာနေ့တွင် ထောင်ဝင်စာ သွားရောက်ပေးပို့ခဲ့သည်ဟုလည်း ဗိုလ်မှူးကြီးစန်းပွင့်၏ မိသားစုဝင်ကဆိုသည်။ ကြာသပတေးနေ့ထုတ် ရောဝတီသတင်းတပုဒ်တွင်တော့ ဗိုလ်မှူးကြီးစန်းပွင့်မှာ ဇွန်လအတွင်း ကလွတ်မြောက်လာခဲ့သည်ဟု ဆိုသည်။

ဗိုလ်မှူးကြီးစန်းပွင့်မှာဆိုင်းငံ့ထောင်ဒဏ် ၄၄ နှစ်အပြစ်ပေးခံရပြီး ရန်ကုန်တွင် နေအိမ်အကျယ်ချုပ်ခံနေရပြီး တာဝန်မှ ဖယ်ရှားခံလိုက်ရသူ ဝန်ကြီးချုပ်ဟောင်းနှင့် စစ်ထောက်လှမ်းရေးအကြီးကဲဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့်၏ အားကိုးရသူတဦးလည်းဖြစ်သည်။

သို့သော် တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်ရုံး အုပ်ချုပ်ရေးဌာနအရာရှိ ဒုဗိုလ်မှူးကြီးဟောင်း သက်တင်စိန်ကတော့ သမ္မတဦးသိန်းစိန်၏ တနစ်လျော့ပြစ်ဒဏ်ဖြင့် မေလတွင် လွတ်မြောက်လာခဲ့သည်ဟု ထောက်လှမ်းရေးဟောင်း သတင်းရပ်ကွက်က ပြောသည်။ ဗိုလ်မှူးကြီးစန်းပွင့်နှင့် ဒုဗိုလ်မှူးကြီး သက်တင်စိန်တို့မှာ တိုင်းရင်းသားရေးရာ ကျွမ်းကျင်သူများဖြစ်သည်ဟုဆိုသည်။ အရာရှိ အများအပြား နှစ်ရှည်ထောင်ဒဏ်ကျခံရပြီး အများဆုံး ထောင်ဒဏ် နှစ် ၁၆၀ ထိချမှတ်ခဲ့သည့် ၂၀၀၄ ခုနှစ် ဩဂုတ်လအတွင်း နိုင်ငံတဝှမ်းလုံးရှိစစ်ထောက်လှမ်းရေးကို ဖျက်သိမ်းအရေးယူမှု ပြုသည့်အထဲ ပါဝင်သွားခဲ့ကာ ဗိုလ်မှူးကြီးစန်းပွင့်ကို အဂတိလိုက်စားမှု အာဏာအလွဲသုံးစားလုပ်မှုတို့ဖြင့် ထောင်ဒဏ် ၄၃ နှစ် ချမှတ်ခဲ့သည်။ **စာမျက်နှာ ၁၅ သို့**

# ICC  အမြန်ရောက်လိုသူ အငြင်းပွားဖွယ်ရာ ဗိုလ်ဟောင်းဦးထူးထူးဟန်

**Mizzima ၊ ဂျူလိုင် ၂၀ ။** ။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး ICC သို့ တက်ရောက်ရန် ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကို မြန်မာစစ်ရာဇဝတ်ကောင်အဖြစ် ထုတ်ဖော်ဝန်ခံခဲ့ကြောင်းသြစတြေးလျားနိုင်ငံသားဖြစ်နေပြီး မိမိကိုယ်ကို စစ်ထောက်လှမ်းရေး ဗိုလ်ဟောင်းဟု ဆိုထားသူ ဦးထူးထူးဟန်က မဇ္ဈိမကို ပြောသည်။

၁၉၈၈ လူထုအုံကြွမှုအတွင်း အစိုးရဆန့်ကျင်ဆန္ဒပြသူ ၂၄ ဦးအား ကိုယ်တိုင်ပစ်သတ်ခဲ့ပြီး ၁၀၀ ကျော် သတ်ဖြတ်ရာ၌ပါဝင်ခဲ့သည်ဟု ဦးထူးထူးဟန်၏ ဝန်ခံဖြောင့်ချက်များကို ကိုးကား၍ သြစတြေးလျားနိုင်ငံ AAP သတင်းဌာနတွင် ဇူလိုင်လ ၁၈ ရက်နေ့ကတည်းက ဖော်ပြပါရှိခဲ့ပြီး ဖြစ်သည်။

"အဓိကက ICC ကိုရောက်ချင်တယ်။ ICC ကို တန်းတူစကားပြောချင်တယ်။ ဒါ ကျနော့်ရည်ရွယ်ချက်။ အဲဒီအချိန်မှာ ကမ္ဘာ့မီဒီယာကို ကျနော်ကရထားပြီ။ အဲဒီ ကမ္ဘာ့မီဒီယာရဲ့ အားနဲ့ နိုင်ငံတကာမှာရှိတဲ့ သမ္မတတွေ၊ အကြီးအကဲတွေ အကုန်လုံးက ကျနော့်ရဲ့အကြောင်းကို ကြည့်မယ်လေ။ အဲဒီမှာ ကျနော်ပြောချင်တာ ပြောလို့ရတယ်လေ" ဟု ဘရစ္စဘိန်းမြို့နေ ဦးထူးထူးဟန်က ပြောသည်။ သို့သော် သူ၏ လုပ်ရပ်အပေါ် အတိုက်အခံများအတွင်း သံသယဖြစ်သူများရှိနေကြသလို မြန်မာအစိုးရကိုသာ အကျိုးဖြစ်ထွန်းစေမှာလားဆိုသောမေးခွန်း ထုတ်လာကြသည်။

"မြန်မာပြည်မှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေက တကယ်ရှိနေတာ။ အခုလိုမျိုး ဇာတ်လမ်းတွေ ထွင်ပြောလို့ ဒါတွေဟာ မဟုတ်ခဲ့ဘူးလို့ တနေ့သိတဲ့အချိန်မှာ တကယ်ဖြစ်ရပ်တွေအပေါ် ဖုံးကွယ်သွားပြီး စစ်အစိုးရကို အထောက်အကူသွားဖြစ်နိုင်တယ်" ဟု ကနေဒါမြန်မာ့မိတ်ဆွေများအဖွဲ့ - CFB မှ အမှုဆောင်ဒါရိုက်တာ ဦးတင် မောင်ထူးက မဇ္ဈိကို ပြောသည်။ ၁၉၆၇ ခုဖွား ဦးထူးထူးဟန်၏အဆိုအရ ၎င်းမှာ စစ်ထောက်လှန်းရေး MI-6 တွင် ဗိုလ်အဖြစ် တာဝန်ထမ်းနေစဉ် ၈၈ အရေးအခင်းကာလအတွင်း တောင်ဥက္ကလာအခြေခံပညာ အထက်တန်း ကျောင်းသားများသမဂ္ဂ (အကာသ) အတွင်းရေးမှူးအဖြစ် သူလျှိုလုပ်ငန်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဦးထူးထူးဟန်နှင့်အတူ ဘန်ကောက်နှင့် သြစတြေးလျားတွင် အကာသ လှုပ်ရှားမှုများ အတူတွဲလုပ်ခဲ့ဖူးသူ ကိုဇေယျာဦးက "ကျနော် အကဲခတ်မိသလောက်ကတော့ သူ့စကားက အမျိုးမျိုးပြောနေတော့ မယုံရဘူး။ နိုင်ငံရေးမှာလည်း ဟီးရိုးဖြစ်ချင်တာတွေ အများကြီးပဲ။ ဟုတ်တာရောမဟုတ်တာရောပါးစပ်ကပြောနေတာ။သူနာမည်ကြီးရင် ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ် လုပ်မှာပါပဲ" ဟု မဇ္ဈိမကို ပြောသည်။ အကာသ လှုပ်ရှားမှုဆိုသည်မှာပြည်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများအား ထောက်ပံ့ငွေ လှူဒါန်းခြင်း ဖြစ်သည်။

ဦးထူးထူးဟန်က မြန်မာနိုင်ငံအရေး ICC ရောက်ရေးကိစ္စကို မည်သူနှင့်မျှမတိုင်ပင်ဘဲ၎င်းတဦးတည်းဆန္ဒဖြင့်လုပ်ဆောင်ခဲ့သည်ဟု ဆိုသည်။

"ကျနော်တယောက်ထဲ လုပ်တာ။ မီဒီယာရဖို့နည်းက အများကြီးရှိတယ်ဗျ။ ခင်ဗျားက ထူးထူးဆန်းဆန်းလုပ်ပြရင် မီဒီယာကခင်ဗျားဆီရောက်လာမှာ။ ကျနော်က ဖြတ်လမ်းက တက်တဲ့သဘော ဖြစ်နေတယ်။ သူတို့က လုပ်ထုံးလုပ်နည်းကြီးနဲ့ တက်တယ်ဆိုရင် မရဘူး။ ဒေါ်အောင်ဆန်းစုကြည် ရှိတုန်းလေးကို ရတဲ့နည်းနဲ့တိုက်ကြပါ" ဟု ပြောသည်။

ဤသို့တိုင်ပင်ဆွေးနွေးမှုမရှိဘဲ တကိုယ်တော်လှုပ်ရှားမှုကြောင့် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ကော်မရှင် - CoI ဖွဲ့စည်းရေး ကဲမ်ပိန်းလှုပ်ရှားမှုကြီးအားထိခိုက်နိုင်ကြောင်းဦးတင်မောင်ထူးက ပြောသည်။

"အများကြီးထိခိုက်မှုရှိနိုင်တာပေါ့။ ကျနော်တို့ပြောခဲ့တဲ့ဟာတွေက ဘာမှလိမ်ညာပြောဆိုခဲ့တာမဟုတ်ဘူး။ သူထ,လုပ်လိုက်တော့မှ ကျနော်တို့ပြောတဲ့အရာတွေက မှန်ပေမယ့် အမှားတွေဖြစ်သွားနိုင်တဲ့အချက်ပေါ့။ကျနော်တို့ရဲ့ဂုဏ်သိက္ခာကို ကျဆင်းစေနိုင်တယ်။ လှုပ်ရှားမှုကို အများကြီးထိခိုက်နိုင်တယ်" ဟုဆိုသည်။ ဦးထူးထူးဟန်အနေဖြင့် ယခုကဲ့သို့ လူသတ်ခဲ့ကြောင်း ပြောဆိုထားသော်လည်း သြစတြေးလျားရဲများက တစုံတရာစစ်ဆေးမေးမြန်းခြင်း မရှိသေးပေ။

"အခု ဘာအရေးယူမှုမှ မရှိသေးဘူး။ ဒီမှာက ဝန်ခံတိုင်းလည်း အရေးယူလို့ရတာမဟုတ်ဘူး။ လိမ်ပြောနေတာလားလို့ ထင်ချင်ထင်မယ်။ ကျနော်က အရမ်းနာမည်ကြီးတာကိုး။ စောင့်ကြည့်နေတယ်။ ကျနော့်ဖုန်းလိုင်းတွေ နားထောင်နေတယ်။ သိတာပေါ့။ ကျနော်လည်း ထောက်လှမ်းရေးက လာတာပဲ" ဟု သူက ဆိုသည်။

ဤလုပ်ရပ်ကြောင့် သြစတြေးလျားသို့ မြန်မာနိုင်ငံသားများ လာရောက်အခြေချရေးအပေါ် သက်ရောက်မှုများရှိစေနိုင်ကြောင်း ဘရစ္စဘိန်းတမြို့ထဲနေ ကိုတင်ကိုက "ကျနော်ထင်တယ်။ နောက်ပိုင်းဆိုးကျိုးတွေဖြစ်လာနိုင်တယ်။နောက်ပိုင်းလာတဲ့လူတွေကိုစိစစ်မှုတွေပိုလုပ်လာမယ်။ အရေအတွက် လျှော့ချတာတွေ ဖြစ်လာနိုင်တယ်။ သူလီဆယ်ပြီးပြောတယ်ဆိုရင်လည်း သြစတြေးလျားအစိုးရက ဥပဒေအရ အရေးယူပါလိမ့်မယ်" ဟု ပြောသည်။

ထို့အပြင် ဦးထူးထူးဟန်၏ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး အခြေအနေမှာလည်း အစောင့်ရှောက်ခံ အနေအထားဖြင့် ဆေးပင်စင်ရရှိထားကြောင်း တမြို့ထဲနေ သူ၏ မိတ်ဆွေများက ပြောသည်။

ဤကိစ္စနှင့်ပတ်သက်၍ ဦးထူးထူးဟန် ကိုယ်တိုင်ကလည်း "ကျနော်က ထောင်တွေထဲမှာလည်း ရက်ရက်စက်စက် အရိုက်ခံခဲ့ရဖူးတယ်။ သာယာဝတီထောင်မှာ ကျနော်မရောက်ဖူးတဲ့ တိုက်ခန်းမရှိပါဘူး။ သြစတြေးလျားမှာလည်း စိတ်ကျရောဂါနဲ့ အိပ်ဆေးလေးဘာလေး သောက်ရတယ်။ ကောင်းဆဲလင်းတွေနဲ့ သွားတွေ့တယ်။ အခုထက်ထိပေါ့။ အရူးတော့ မဟုတ်ဘူးဗျာ။ စိတ်ကျတာတော့ရှိတယ်" ဟု ရှင်းလင်းပြောဆိုသွားသည်။

---

**စာမျက်နှာ ၁၄ မှ**

ဗိုလ်မှူးကြီးစန်းပွင့်သည် အဖမ်းခံရချိန်အထိ ရန်ကုန်မြို့ ရှစ်မိုင်လမ်းဆုံအနီးရှိ စစ်ထောက်လှမ်းရေးဌာနချုပ်တွင် တာဝန်ထမ်းဆောင်ကာ တိုင်းရင်းသားရေးရာ ဒုတိယတာဝန်ခံအဖြစ် တာဝန်ယူခဲ့သည်။ စစ်အစိုးရစည်းဝိုင်းအတွင်းအားပြိုင်မှုတိုက်ခိုက်ရေးတပ်များနှင့် ထောက်လှမ်းရေးယန္တရား၏အားပြိုင်မှုအကျိုးဆက်မှသည် ထောက်လှမ်းရေးဖျက်သိမ်းခံရခြင်းအထိ သက်ရောက်မှုများရှိခဲ့သည်ဟုလူအများကယုံကြည်ကြသည်။

# ဦးသိန်းစိန် မဲဆန္ဒနယ် ဟောင်းမှာ ကရင်ပါတီက ဝင်ပြိုင်မည်ဟုဆို

**Mizzima | ဂျူလိုင် ၁၉ ။** ။ သမ္မတဦးသိန်းစိန်၏ ရွေးကောက်ခံ မဲဆန္ဒနယ်မြေဟောင်း နေပြည်တော် ဇဗ္ဗူသီရိမြို့နယ် မဲဆန္ဒနယ်၌ ကရင်အမျိုးသားရေးအခြေခံသော နိုင်ငံရေးပါတီတခု ဖြစ်သည့်ဖလုံ ခေါ် စဝေါ် ဒီမိုကရက်တစ်ပါတီက ဝင်ပြိုင်သွားမည်ဟု အမတ်လောင်း ဦးစောဝင်းက ပြောသည်။ ကြားဖြတ်ရွေးကောက်ပွဲ၌ တိုင်းရင်းသား မဟာမိတ် ၁၀ ပါတီက ဝင်ပြိုင်မည့် မဲဆန္ဒနယ် ၄၀ ခန့် လျာထားရာ၊ ဖလုံစဝေါ်ပါတီက ဇဗ္ဗူသီရိမြို့နယ်အတွက် တနင်္လာနေ့တွင် မဟာမိတ် ပါတီများထံ စာရင်းသွင်းခဲ့သည်။

နိုဝင်ဘာလတွင် ကြားဖြတ်ရွေးကောက်ပွဲလုပ်လိမ့်မည်ဟု နိုင်ငံ ရေးပါတီအများက ခန့်မှန်းထားသော်လည်း ရွေးကောက်ပွဲကော်မရှင် က အချိန်ဇယားသတ်မှတ်ခြင်း မရှိသေးပါ။

“မိတ်ဝတ်မပျက် ပူးပေါင်းဆောင်ရွက်ရေးကို လုပ်ဖို့အတွက်အဲဒီ နေရာမှာ ယှဉ်ပြိုင်တာပါ။ ထိပ်တိုက် ရင်ဆိုင်တာလည်း မဟုတ်ဘူးပေါ့ နော်။ လောလောဆယ်တော့ ကျနော့်ကို လျာထားတယ်။ လူက ရွေးဦး မယ်”ဟု ဖလုံ စဝေါ် အမတ်လောင်း ဦးစောဝင်းက မဇ္ဈိမကို ပြောသည်။ ၄၆ နှစ်အရွယ် ဦးစောဝင်းသည် ရန်ကုန်တိုင်း ကျောက်တံတား မြို့ နယ်တွင် ပြည်သူ့လွှတ်တော် အတွက် ၂၀၁၀ ရွေးကောက်ပွဲ၌ ယှဉ် ပြိုင်ခဲ့ရာ ရှုံးနိမ့်ခဲ့သူ ဖြစ်သည်။

သူက ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်တပ်ဖွဲ့များနှင့် အစိုးရအကြား ငြိမ်းချမ်းရေးရရှိရေးအပြင် ပြည်သူလူထု၏ အဓိက လို အပ်ချက်များကို လုပ်ဆောင်သွားမည်ဟု ဆိုသည်။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အတွက် လက်နက်ကိုင် တိုက်နေသော ကရင်အမျိုးသားအစည်းအရုံး KNU၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် DKBA နှင့် အစိုးရ စစ်တပ်အကြား မကြာခဏ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိသည်။

၂၀၁၁မေလဆန်းတွင် ဖလုံစဝေါ်ပါတီ ဥက္ကဋ္ဌဦးစောသိန်း အောင်၊ အမတ် ဒေါ်နန်းစေးအား အပါအဝင် ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာ ဘုန်းကြီးများ အပါအဝင် ၉ ဦးပါ ငြိမ်းချမ်းရေးကော်မတီက ကရင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရအကြား တွေ့ဆုံဆွေး နွေးရန် သမ္မတဦးသိန်းစိန်ထံ စာပို့ခဲ့သေးသည်။ သို့သော် တုံ့ပြန်မှုပြန်မ ရသေးပေ။ ထို့အပြင် အာဏာရ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်ဝန် ကြီးချုပ် ဗိုလ်မှူးချုပ်ဟောင်းဦးဇော်မင်း (ကရင်ပြည် နယ်အေးချမ်းသာ ယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဟောင်း) က ငြိမ်း ချမ်းရေးလုပ်လျှင် ပါတီ နစ်နာမည်ဟု မေ ၂၅ ရက် အစည်း အဝေးတွင် ဖလုံ ခေါ် စဝေါ် ပါတီကို ပြောဆိုခဲ့ကြောင်း ၎င်းပါတီနှင့် နီးစပ်သူက ပြောသည်။

“ဝန်ကြီးချုပ်က ဒီပါတီကိုဖိအားပေးတယ်။ ဖလုံစဝေါ်ပါတီကနေ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ လုပ်တာ လုံးဝမကြိုက်ဘူး။ မင်းတို့လုပ်ရ မယ့် အလုပ်မဟုတ်ဘူး၊ ပါတီနစ်နာမယ်။ ဒီ ၉ ဦး ကော်မတီ က လမ်း ညွှန်မှုတွေ တောင်းခံတာကို သူက လက်မခံတဲ့အပြင် ပြန်ပြီး သတိ ပေးစကားတွေ၊ နောက်ပြည်ပမီဒီယာနဲ့ စကားမပြောဖို့ ပြန်ပြောလာ တယ်” ဟု သူက မဇ္ဈိမကို ပြောသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများအနေဖြင့်အစိုးရ သက်တမ်း ၃ လပြည့်လျှင် ပြည်နယ်အစိုးရလုပ်ငန်းများ ခွဲဝေပေးမည် ဟုပြောခဲ့သော်လည်း ယနေ့အထိ မည်သည့် လုပ်ပိုင်ခွင့်မှ ချမပေးသေး ကြောင်း သူက ဆိုသည်။

ကရင်ပြည်နယ် ဝန်ကြီးဌာန ၉ ခုတွင် ဖလုံစဝေါ်ပါတီမှ ၂ ဦး၊ ကရင်ပြည်သူ့ပါတီမှ ၁ ဦး၊ ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးရေးပါတီ မှ ၁ ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီမှ ၁ ဦးနှင့် အခြားကျန် နေရာများမှာ စစ်တပ် ကိုယ်စားလှယ်နှင့်ကြံ့ဖွံ့ပါတီမှ ဖြစ်ကြသည်။

ကြားဖြတ်ရွေးကောက်ပွဲနှင့်ပတ်သက်၍ “ဒီမိုကရေစီမိတ်ဆွေ များကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကော်မတီ” အမည်ဖြင့် အမျိုးသားဒီမိုကရေစီအင်အားစု NDF၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး ပါတီ၊ ဒီမိုကရက်တစ်ပါတီ (မြန်မာပြည်)၊ ပြည်ထောင်စု ဒီမိုကရေ စီပါတီနှင့် ကရင်၊ ရှမ်း၊ မွန်၊ ချင်း၊ ရခိုင် စသည့် တိုင်းရင်းသားပါတီ ၁၀ ပါတီ ပူးပေါင်းထားကာ မဲဆန္ဒနယ် ၄၀ တွင် ဝင်ပြိုင်ရန်တနင်္လာနေ့တွင် ပါတီများ စာရင်းသွင်းခဲ့သည်ဟု SNDP ပါတီမှ ဗဟို အလုပ်အမှုဆောင် ဝင် ဦးစောသန်းမြင့်က မဇ္ဈိမကို ပြောပြသည်။

“မနေ့က အပြီးစာရင်းတင်တယ်။ ကျနော်တို့က ၁၅ နေရာ ဝင်မယ်။ အားလုံး ၄၀ နေရာလောက်ရှိမယ်။ ကျနော်တို့က အမျိုးသား ရေးနဲ့ဆိုင်တဲ့ မိတ်ဆက်အနေနဲ့ ပြည်သူတွေရဲ့ ယုံကြည်မှုအားကို ယူတဲ့ သဘောပါ။ လာမယ့် ၂၀၁၅ ခုနှစ်မှာ ပြည်နယ်၊ ပြည်မ မခွဲဘဲ တနိုင်ငံလုံးအတိုင်းအတာ ဝင်ဖို့ စီမံကိန်းတွေ လုပ်ထားတယ်လေ” ဟု သူက ဆိုသည်။ NDF က အနည်းဆုံး မဲဆန္ဒနယ် ၂၀ အထိ ဝင်ပြိုင် မည်ဖြစ်ပြီး၊ SNDP က ရန်ကုန်၊ မန္တလေး၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း အပါအဝင် ၁၅ နေရာ၊ ကျန်ပါတီများက အနည်းဆုံး တနေရာစီဝင် ပြိုင်မည်။ ကြားဖြတ်ရွေးကောက်ပွဲအတွက် အမျိုးသားဒီမိုကရေစီအင် အားစုပါတီခေါင်းဆောင်ဟောင်းဦးသိန်းညွန့်က အမျိုးသားဒီမိုကရေ စီပါတီသစ်အမည်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံမှတ်ပုံ တင်လျှောက်ထားသည်။

ထို့အပြင် ၂၀၁၀ ရွေးကောက်ပွဲတွင် တောင်ဥက္ကလာပတွင် ပြည် သူ့လွှတ်တော်အတွက် တသီးပုဂ္ဂလအနေဖြင့် ဝင်ပြိုင်ရာ၌ ရှုံးနိမ့်ခဲ့သူ ဦးကောင်းမြတ်ထွဋ်က မြန်မာအမျိုးသားကွန်ဂရက် အမည်ဖြင့်၎င်း၊ ဝံသာနုပါတီမှ ဒေါက်တာသန်းထိုက်ဦးက ပြည်သူ့ဒီမိုကရေစီပါတီအ မည်ဖြင့်၎င်းမှတ်ပုံတင်ထားပြီးဖြစ်သည်။ ကြံ့ဖွံ့ပါတီအထွေထွေအတွင်း ရေးမှူးဦးဌေးဦးကမူ ကြားဖြတ်ရွေးကောက်ပွဲ ၄၅ နေရာအားလုံး၌ ဝင် ပြိုင်ရန် လျာထားကြောင်း နေပြည်တော်ရှိ ပါတီရုံးချုပ်တွင် ပြီးခဲ့သည့် ဇွန်လ ၂ ရက်နေ့တွင် ပြောဆိုခဲ့သည်။

## အသေးစားငွေချေး အောင်မြင်မှုရှိ

**RFA | ဂျူလိုင် ၂၀ ။** ။ လူငယ်ကွန်ရက်အဖွဲ့က ဆောင်ရွက်နေတဲ့ အသေးစား ငွေထုတ်ချေးရေး အစီအစဉ်ဟာ အောင်မြင်မှု ရနေပြီးသတ် မှတ်ထားတဲ့ လူဦးရေထက် တိုးချဲ့ငွေချေးနိုင်ခဲ့တယ်လို့သိရပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်း အထောက် အကူပြုအဖွဲ့က ကမကထပြုပြီး တောင်ဥက္ကလာပ လူငယ်ကွန်ရက် အဖွဲ့က ဆောင်ရွက်နေတဲ့ အသေးစားငွေထုတ်ချေးရေး အစီအစဉ်မှာ တောင်ဥက္ကလာမြို့နယ်တွင်းက လက်လုပ်လက်စားမိသားစု ၅၀ ကို တစ်လကို ငွေနှစ်သောင်းကျပ် အတိုးမဲ့ ချေးငွေထုတ်ပေးရာကအစနှစ်

**စာမျက်နှာ ၁၉ သို့**

# ဆင်းရဲနွမ်းပါးမှု လျှော့ချရေး မူဝါဒများ

ခင်မမမျိုး

**ယခင် အပတ်အဆက်**

ပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေဖို့အတွက် ဆုံးဖြတ်ချက်များချမှတ်မှုနဲ့ အကောင်အထည် ဖော်ဆောင်ချက်တွေကို စောင့်ကြည့်လေ့လာမှုတွေမှာ ပွင့်လင်းမြင်သာပြီး၊ ပူးပေါင်းဆောင်ရွက်၍ ရသော democratic mechanisms တွေ ရှိဖို့ လိုအပ်ပါတယ်။

တာဝန်ခံမှု အားကောင်းလာစေဖို့အတွက် အစိုးရရဲ့ဘတ်ဂျက်ခွဲဝေသုံးစွဲမှုဆိုင်ရာ သတင်းအချက်အလက် စာအုပ်များရိုက်နှိပ်ထုတ်ဝေဖြန့်ဖြူးခြင်း၊ ပြည်သူ့ရေးရာဌာနများရဲ့ လုပ်ငန်း ဆောင်တာများကို လေ့လာအကဲဖြတ်နိုင်သော Institutional and Governance Reviews များထုတ်ဝေခြင်း၊ အစိုးရဝန်ဆောင်မှုများရဲ့ အရည်အသွေးနဲ့ လုပ်ဆောင်ရည်ပေါ်မှာ ပြည်သူလူထုရဲ့ အတွေးအမြင်တွေကို ဖော်ပြပေးနိုင်တဲ့ Citizen Report Cards များ ဖြန့်ဖြူးခြင်း၊ ရင်းနှီးမြှုပ်နှံမှုလမ်းပြမြေပုံများ (Investment Roadmaps) များ ချမှတ်ရေးဆွဲခြင်း၊ focus groups နဲ့ အင်တာဗျူးများကို အသုံးပြုပြီး Participatory Poverty Assessments များ ပြုလုပ်ခြင်း စတာတွေနဲ့ ပတ်သက်တဲ့ မူဝါဒတွေ၊ စီမံချက်တွေကို အကောင်အထည်ဖော်လေ့ရှိကြပါတယ်။ ဖွဲ့စည်းတည်ထောင်မှုစွမ်းရည်တွေ မြင့်မားလာရေးအတွက် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာစေရေး၊ကျားမတန်းတူညီမျှမှုရှိရေး၊ ဆင်းရဲနွမ်းပါးသူများရဲ့ လူမှုအရင်းအနှီး တိုးတက်လာစေရန် ကွန်ယက်များဖွဲ့စည်းရေးစတာတွေနဲ့ပတ်သက်တဲ့ မူဝါဒတွေ၊ စီမံချက်တွေကို အကောင်အထည် ဖော်လေ့ရှိကြပါတယ်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနဲ့ပတ်သက်ပြီး ကမ္ဘာ့ဘဏ်ကချမှတ်ထားတဲ့တတိယကဏ္ဍကတော့ ဝင်ငွေလုံခြုံရေး (income security) ဖြစ်ပါတယ်။ဆင်းရဲနွမ်းပါးသူများဟာ ကျန်းမာရေးချို့တဲ့မှုတွေနဲ့ income shocks တွေကြောင့် ပေါ်ထွက်လာတဲ့ risks တွေကို အခြားသူများထက် ပိုပြီး ခံစားကြရလေ့ရှိပါတယ်။

အိမ်ထောင်စုတွေဟာ သူတို့ရဲ့ risk exposures တွေကိုဝင်ငွေရရှိရာ အရင်းအမြစ်များအား ဖြန့်ကျက်ခြင်းနဲ့အာမခံထားရှိ ခြင်းများနဲ့ရင်ဆိုင်ဖြေရှင်းလေ့ရှိကြပါတယ်။ ဥပမာ- အချို့ မိသားစုတွေက အခြားမြို့များမှာအလုပ်သွားလုပ်ပြီး အိမ်ကို ငွေပို့ခြင်း၊ထွက်ကုန်များကို နောက်ထပ် ရာသီတခုအထိသိုလှောင်ထား ခြင်း၊ ရွှေငွေလက်ဝတ်ရတနာများအဖြစ် စုဆောင်းထားခြင်း၊အာမခံထားခြင်း စတာတွေဖြစ်ပါတယ်။ ဈေးကွက်ထဲမှာရှိတဲ့ အာမခံလုပ်ငန်းများ စနစ်တကျဖြစ်စေရေးအတွက် နိုင်ငံတော်အနေနဲ့ အာမခံလုပ်ငန်းများကိုစနစ်တကျထိန်းချုပ်ရေးယန္တရားများ ထားရှိဖို့ လိုအပ်သလို၊ safety nets များ လဲဖန်တီးပေးဖို့ လိုအပ် ပါတယ်။ ကျန်းမာရေး၊ သဘာဝပတ် ဝန်းကျင်၊လုပ်သားဈေးကွက်နဲ့ macroeconomicpolicies တွေဟာrisk တွေကို လျှော့ချပေးနိုင်ပါတယ်။ economic crises တွေနဲ့ သဘာဝဘေးအန္တရာယ်တွေဟာ ဆင်းရဲနွမ်းပါးသူများကိုရေတိုမှာတင်ထိခိုက်စေတာ မဟုတ်ပါဘူး။ လူသားအရင်းအမြစ်နဲ့ သဘာဝအရင်းအမြစ်များရှားပါးပြုန်းတီးမှုတွေကြောင့် ဒီလို Large adverse shocks တွေဟာ ဆင်းရဲနွမ်းပါးသူတွေကို ဆင်းရဲနွမ်းပါးမှု သံသရာထဲမှာရေရှည်နစ်မွန်းစေတတ်ပါတယ်။

ဒါကြောင့် စီးပွားရေးအကျပ်အတည်းဆိုက်မှုတွေ မဖြစ်အောင် ကာကွယ်စောင့်ရှောက်ဖို့ အရေးကြီးပြီး၊ သဘာဝဘေးအန္တရာယ်တွေ ဖြစ်ပွားလာချိန်မှာလဲ လျင်မြန်စွာ တုန့်ပြန်နိုင်အောင် ကြိုးပမ်းဖို့လိုအပ်ပါတယ်။ ဒီလို Large adverse shocks ကို ရင်ဆိုင်နိုင်ရေးအတွက် နိုင်ငံတော်အဆင့် စီမံချက်တွေ ချမှတ်ထားခြင်းအားဖြင့် ဆင်းရဲနွမ်းပါးသူများရင်ဆိုင်ရမယ့် risks တွေကို လျှော့ချပေးနိုင်ပါတယ်။

ဒီစီမံချက်တွေမှာ မိုင်ခရိုအာမခံ အစီအစဉ်တွေ၊ အစားအစာဖြန့်ဝေရေးအစီအစဉ်တွေနဲ့ public works programs တွေကို လိုအပ်တဲ့ အခြား risk management measures တွေနဲ့အတူ ထည့်သွင်းခြင်း၊ ဘဏ္ဍာရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ macro shocks များကိုကာကွယ်ရေး အစီအစဉ်များချမှတ်ခြင်း၊ ပဋိပက္ခများကိုငြိမ်းချမ်းစွာဖြေရှင်း၍ပြည်တွင်းစစ် မဖြစ်ပွားအောင်ကာကွယ်ခြင်း၊ အရင်းအမြစ်များကိုထုတ်လုပ်ရေး လုပ်ငန်းဆောင်တာများမှာ အသုံးပြုခြင်း၊ ကူးစက်ရောဂါဆိုးများအား ကာကွယ်နှိမ်နင်းခြင်း စတာတွေပါဝင်ပါတယ်။ ဆင်းရဲ နွမ်းပါးမှု လျှော့ချရေးအတွက် safety nets များ ရှိရေးက အရေးကြီးပါတယ်။ ဒီလို safety nets တွေထဲမှာ ကျန်းမာရေးအာမခံ၊ ပင်စင်လစာ၊ ဘိုးဘွားများအား စောင့်ရှောက်ခြင်း၊အလုပ် လက်မဲ့အာမခံ၊ လူမှုဖူလုံရေး ထောက်ပံ့ကြေးနဲ့ အသေးစားငွေချေးစနစ် စတာတွေပါဝင်ပါတယ်။ ဒီ safety nets တွေဟာ အရေးပေါ်စားသုံးမှုကို အထောက် အကူပြုရုံမက ဆင်းရဲနွမ်းပါးသူတွေရဲ့ human, physical, and social assets တွေကိုပါ အကာအကွယ်ပေးပါတယ်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ပတ်သက်ပြီး တကမ္ဘာလုံးကကိုင်စွဲရမယ့် blueprint မရှိသေးပါဘူး။ သက်ဆိုင်ရာ နိုင်ငံအလိုက်၊ သင့်လျော်တဲ့ မူဝါဒတွေကိုမူဝါဒရေးရာတာဝန်ရှိသူတွေက ရေးဆွဲချမှတ်အကောင်အထည်ဖော်ကြရမှာဖြစ်ပါတယ်။ ဒီလိုချမှတ် အကောင်အထည်ဖော်ဆောင်ရာမှာစီးပွားရေးစွမ်းရည်(economic capabilities)၊ နိုင်ငံရေးစွမ်းရည် (political capabilities)၊လူသားစွမ်းရည် (Human Capabilities)၊ လူမှုစွမ်းရည် (Social Capabilities)နဲ့ကာကွယ်စောင့်ရှောက်ရေးစွမ်းရည် (protective Capabilities) တွေ မြင့်တက်လာရေးကိုဦးတည်တဲ့ မူဝါဒတွေကို ဖော်ဆောင်နိုင်မှသာပြည်သူအများကိုဆင်းရဲတွင်းကနေလွတ်မြောက်စေမယ့် ဆင်းရဲ နွမ်းပါးမှု လျှော့ချရေး မူဝါဒများဖြစ်လာမှာ ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါတယ်။


Dollar, D, and Kraay, A. (2002) Growth IS Good for the Poor, Development Research Group, World Bank, Washington DC.

Haughton, J. and Khandker, S. (2009) Handbook on Poverty and Inequality,World Bank, Washington DC.

Kraay, Aart. (2004) "When Is Growth Pro-Poor? Cross-Country Evidence."Working Paper No. 04/47, International Monetary Fund, Washington, DC.

Ravallion, M. (2000) Growth, Inequality and Poverty: Looking BeyondAverages, World Bank, Washington DC.

# ဦးသိန်းစိန် စစ်တပ်ထိုးစစ်ကြောင့် ကချင်ဒုက္ခသည်များ အကူအညီအထူးလိုအပ်

**VOA ၊ ဂျူလိုင် ၁၉ ။ ။** ကချင်လွတ်လပ်ရေးတပ်မတော် (KIA) နဲ့ မြန်မာအစိုးရအကြား တိုက်ပွဲတွေ ဆက်လက်ပြင်းထန်နေတာကြောင့် တရုတ်၊ မြန်မာနယ်စပ်ဒေသမှာ ရောက်ရှိနေကြတဲ့ ကချင်ဒုက္ခသည် ၁၅,၀၀၀ ကျော် ရေရှည်ဆက်လက် ရပ်တည်နိုင်ဖို့အတွက် နိုင်ငံတကာကထောက်ပံ့ကူညီပေးဖို့ထိုင်းအခြေစိုက်ကချင်အမျိုးသမီးအစည်းအရုံး (KWAT) က တိုက်တွန်းလိုက်ပါတယ်။ တချိန်တည်းမှာပဲ မြန်မာပြည်မှာ တိုက်ပွဲတွေ ရပ်စဲအောင် တွန်းအားပေးဖို့ကိုတောင်းဆိုထားပါတယ်။ လက်ရှိစစ်ပွဲကြောင့် ထွက်ပြေးနေရတဲ့ ကချင်ဒုက္ခသည်တွေရဲ့နောက်ဆုံးအခြေအနေကို ဗွီအိုအေထိုင်းအခြေစိုက် သတင်းထောက်ကိုမိုးဇော်က တင်ပြပေးထား ပါတယ်။

ကချင်လွတ်လပ်ရေးတပ်မတော်(KIA)နဲ့မြန်မာအစိုးရတပ်တွေအကြားမှာ ပြီးခဲ့တဲ့ ဇွန်လ ၉ ရက်နေ့ကတည်းက တိုက်ပွဲတွေ စတင်ခဲ့တာဖြစ်ပြီး စစ်ပွဲဖြစ်ပွားရာဒေသက ကချင်ဒေသခံတွေဟာ စစ်ပွဲလွတ်ရာ KIA ဌာနချုပ် လိုင်ဇာ၊ မိုင်ဂျာယန်နဲ့ တရုတ်၊ မြန်မာနယ်စပ်က ဆွေမျိုးတွေရှိရာ ကျေးရွာတွေအပြင် မြစ်ကြီးနား၊ ဗိုင်းမော်စတဲ့မြို့တွေကိုလည်း ထွက်ပြေးခိုလှုံနေကြရတာ ဖြစ်ပါတယ်။

တိုက်ပွဲတွေ အခုချိန်ထိ ဆက်လက်ဖြစ်ပွားနေပြီး ဒုက္ခသည်တွေ အိမ်ပြန်ဖို့ ခက်ခဲနေတာကြောင့် သူတို့ရဲ့ ရေရှည်စားသောက်နေထိုင်ရေးနဲ့ ကျန်းမာရေးတွေအတွက်ဆိုရင် နိုင်ငံတကာက ထောက်ပံ့ကူညီပေးဖို့ ထိုင်းနိုင်ငံမှာအခြေစိုက်တဲ့ ကချင်အမျိုးသမီးအစည်းအရုံးက ကြေညာချက်ထုတ်ပြန် ပန်ကြားထားပါတယ်။

ကချင်အမျိုးသမီး အစည်းအရုံးရဲ့ပန်ကြားချက်ကို အဖွဲ့ရဲ့ပြောရေးဆိုခွင့်ရှိသူ ဒေါ်ရှယ်လီဆိုင်းက အခုလို ပြောပါတယ်။

"ကချင်ပြည်နယ်က ထွက်ပေါက်ဆိုရင်တော့ တရုတ်ပြည်ပေါ့၊ တရုတ်ပြည်ကလည်း လက်မခံဘူးဆိုတော့ နိုင်ငံတကာကို တောင်းဆိုချင်တာက ဒုက္ခရောက်နေတဲ့ Refugees တွေကို အထောက်အကူပေးဖို့၊ နောက်တနိုင်ငံလုံး Cease Fire ပေါ့၊ တိုက်တွန်းပေးဖို့ပေါ့၊ မြန်မာပြည်အစိုးရကိုလည်း၊ အထူးသဖြင့် တရုတ်ကိုလည်းပေါ့၊ အနီးဆုံး အိမ်နီးချင်းနိုင်ငံဖြစ်တော့ အစိုးရကို အားလုံး Cease Fire လုပ်နိုင်အောင် တိုင်းပြည် အေးချမ်းစေချင်ပါတယ်။ စစ်ဖြစ်နေပြီဆိုရင် အကုန်လုံးဒုက္ခရောက်ပါတယ်။"

အခုလိုဒုက္ခသည်တွေထွက်ပြေးကြရတာဟာအစိုးရစစ်တပ်က ဒေသခံတွေကို ပေါ်တာဆွဲတာ၊ မသင်္ကာသူတွေကို ဖမ်းဆီးသတ်ဖြတ်တာနဲ့ အမျိုးသမီးတွေကို အဓမ္မပြုကျင့်တာတွေကြောင့်လို့ ကချင်အမျိုးသမီးအဖွဲ့ရဲ့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။

KIA ဌာနချုပ် လိုင်ဇာမြို့က ဒုက္ခသည် ကူညီစောင့်ရှောက်ရေးကော်မတီတာဝန်ခံ ဦးဒွဲပီဆာကလည်း နိုင်ငံတကာ အကူအညီ ရမှသာ ဒုက္ခသည်အရေးကို ဖြေရှင်းနိုင်မှာဖြစ်တယ်လို့ ပြောပါတယ်။

"အခုလောလောဆယ်မှာတော့ KIA ကနေ ငွေရေး ကြေးရေး ထုတ်ထားတာရှိတယ်။ နောက် ဘာသာရေး အသိုင်းအဝိုင်းတွေရော၊ နောက် ဆွေမျိုး၊ လူမျိုးရေးအရ အိမ်နီးချင်း ဒီပတ်ဝန်းကျင်ရော ငွေရေးကြေးရေးနဲ့ ဆန်တွေ တခြားပစ္စည်းတွေ ထောက်ပံ့တာ ရှိပါတယ်။ ဒီလောက်နဲ့ပဲ ကျနော်တို့က ပံ့ပိုးတာရှိပါတယ်။ ရေရှည်ဆိုရင်တော့ ကျနော်တို့ အဖွဲ့အစည်းရော ဒီပတ်ဝန်းကျင်က လူမှုရေးအဖွဲ့အစည်းနဲ့တော့ ကျနော်တို့ တာဝန်ယူဖို့ အခက်အခဲရှိနိုင်တယ်လို့ ဒီလိုပဲ တွက်ရတယ်။"

လိုင်ဇာမှာ ကချင်ဒုက္ခသည် ၅,၀၀၀ ကျော် ရှိနေပြီး သူတို့ ကို ဒုက္ခသည်စခန်း ၄ ခုမှာ နေရာချထားပေးတာ ဖြစ်ပါတယ်။ ရောက်ရှိနေတဲ့ လူဦးရေနဲ့စခန်းနေရာ မမျှတတာကြောင့် စခန်းသစ်တွေတည်ဆောက်ပြီး မနေ့က လူ ၂၀၀ ကျော်ကို စတင် ပြောင်းရွှေ့ခဲ့ပါတယ်။

ကျန်သူတွေကိုလည်း ဆက်ပြောင်းရွှေ့ရမှာဖြစ်တာကြောင့် စခန်းသစ်တွေ တည်ဆောက်ဖို့ အိမ်ဆောက်ပစ္စည်းတွေလိုအပ်နေတယ်လို့ သူက ဆက်ပြောပါတယ်။

"စခန်းဆောက်ဖို့ဆိုရင်တော့ ကျနော်တို့ အိမ်ဆောက်ဖို့ပစ္စည်းတွေရော၊ နောက် သူတို့က ဒီမှာနည်းနည်းအချိန်ယူပြီးမှ နေရမယ်ဆိုတော့ သောက်သုံးရေတွေကို ကောင်းကောင်းသွယ်ပေးရမယ်။ ကျန်းမာရေးအရ ရေကို ကျိုသောက်ရမယ်ဆိုတော့ အသုံးပစ္စည်း တွေပေါ့၊ ဒါတွေလိုနေတယ်။ နောက် ကျန်းမာရေးအရလည်း ကျနော်တို့ ကြည့်ရှုစောင့်ရှောက်မှ ကောင်းနိုင်တယ်ဆိုတော့ လောလောဆယ်လိုတာတော့ ဒီလိုရှိပါတယ်။"

ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) က လိုင်ဇာမြို့ကို ရောက်ရှိနေတဲ့ ဒုက္ခသည်တွေအတွက် တရက်ကို ကျပ်ငွေ သိန်း ၂၀ ထောက်ပံ့ထားရတယ်လို့လည်း ပြောပါတယ်။

ကချင်ပြည်နယ်ဗန်းမော်ခရိုင်အတွင်းကမိုင်ဂျာယန်ဒေသဘက်မှာလည်း ဒုက္ခသည် ၄,၀၀၀ ကျော်လောက်ဟာ ပြင်ပက အကူအညီမရတာကြောင့် စားရေးသောက်ရေးအခက်အခဲဖြစ်လာနေတယ်လို့ဒုက္ခသည်တွေကို ကူညီပေးနေတဲ့အဖွဲ့က မမေလီအောင်က ပြောပါတယ်။

"အခု ကျမတို့အဖွဲ့ ဝန်ပေါင်နိန်းထွဲအဖွဲ့က ကူညီပေးနေတာတော့ လူပေါင်း ၄,၀၀၀ ကျော်သွားပြီ။ သွားကူရတာ ဒီက ရှိသလောက်ဟာတွေလည်း ကုန်လာတော့မယ်။ ပြောမယ်ဆို ကချင်အသိုင်းအဝိုင်းလောက်ကတော့ တတ်နိုင်သလောက်လုပ်တယ်။ ဒါပေမဲ့ နိုင်ငံတကာကလည်းဘာမှဝင်မလာဘူး၊ ဘယ်အဖွဲ့ကမှလည်းမလာဘူး၊ပြည်တွင်းကလည်းမလာဘူး။ အစတုန်းက နည်းနည်းပါးပါး ဆက်သွယ်တာတွေရှိတယ်။ အခုနောက်ပိုင်းတော့ အစိုးရက ပိတ်ပင်လိုက်လို့လား မသိဘူး၊ ဘယ်သူမှ ဆက်သွယ်မလာတော့ဘူး။ ဆိုတော့ ဒုက္ခသည်တွေရဲ့ စားရေး သောက်ရေး နေရေး ထိုင်ရေး အခက်အခဲဖြစ်လာတာပေါ့။"

KIA နဲ့ မြန်မာအစိုးရတပ်တွေအကြား အပစ်အခတ်ရပ်စဲနိုင်ဖို့အတွက် ပြီးခဲ့တဲ့ လလယ်ကတည်းက ဆွေးနွေးတာတွေ ရှိခဲ့ပေမဲ့ ဒီရက်ပိုင်းအတွင်းမှာ တိုက်ပွဲတွေ ပိုမိုပြင်းထန်လာနေတာဖြစ်ပါတယ်။

---

**စာမျက်နှာ ၁၂ မှ**

ယာဉ်နဲ့ လိုက်ပါသွားသူ ၅ ဦးရဲ့ ရုပ်ကြွင်းတွေကိုတော့ ဒီကနေ့ မှာ ထိုင်းအာဏာပိုင်တွေက ပြန် တွေ့ခဲ့တယ်လို့ သိရပါတယ်။

အဲဒီရဟတ်ယာဉ်ဟာမြန်မာနယ်စပ်ရက်ချာဘူရီခရိုင်က Kaeng Krachang ထိုင်းအမျိုးသားဥယျာဉ်မှာ တာဝန်ထမ်းဆောင်နေတဲ့ ထိုင်းစစ်သား ၁၅ ဦးကို သွားရောက် ခေါ်ဆောင်တာ ဖြစ်ပြီးရာသီ ဥတုဆိုးဝါးမှုကြောင့် သစ်တောထဲမှာ ပျက်ကျခဲ့တာဖြစ်ပါတယ်။

# ဝက်နားရွက်ပြာရောဂါကြောင့် မြန်မာဝက်များ မီဇိုရမ်ပြည်နယ်က အဝင်မခံ

**Mizzima | ဂျူလိုင် ၁၉ ||** || ဝက်နားရွက်ပြာရောဂါ မကူးစက်ရန် မြန်မာဝက်များ အဝင်မခံဘဲ ၂ လကြာ ရပ်ဆိုင်းရန် အိန္ဒိယ ဗဟိုအစိုးရက အမိန့်ပေးထားကြောင်း မီဇိုရမ်ပြည်နယ်ဝန်ကြီးက အတည်ပြုပြောဆိုသည်။ မြန်မာဘက်မှ မီဇိုရမ်သို့ ဝက်တင်သွင်းမှုကို ဇူလိုင် ၁၄ ရက်မှ စတင်ပိတ်ပင်ကာ စက်တင်ဘာ ၁၄ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။ မီဇိုရမ်သည် မြန်မာ့အနောက်မြောက်ဒေသ ချင်းပြည်နယ်နှင့် ၄၀၄ ကီလိုမီတာရှည်လျားသော နယ်ခြားချင်း ထိစပ်နေသည်။

"ပိတ်တာတော့ ဟုတ်တယ်။ ဒါကို အထက်က လုပ်ခိုင်းလို့ လုပ်ရတာ ဖြစ်ပါတယ်" ဟု မီဇိုရမ် ကျန်းမာရေး၊ အလုပ်သမားနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ၃ ခုကိုင် ဝန်ကြီး မစ္စတာ Sailo က မဇ္ဈိမကို ပြောသည်။ ပြည်နယ်မြို့တော် အိုက်ဇောရှိ မြန်မာနိုင်ငံသားဦးထွေးကလည်း "သတင်းစာထဲမှာ ဒီကနေ့မနက် တွေ့တာကတော့မြန်မာပြည်ဘက်မှာ ဝက်ရောဂါတမျိုး ကျနေတယ်ပေါ့နော်။အဲဒါကြောင့်မို့ သူတို့ပိတ်ပစ်လိုက်တယ်ပြောတယ်။ ဟို PRRS တဲ့။ အသက်ရှူလမ်းကြောင်းနဲ့မွေးလမ်းကြောင်းဆိုင်ရာရောဂါတဲ့။ အဲဒီရောဂါမြန်မာပြည်မှာကျတယ်တဲ့။ အဲဒါကြောင့် အိုက်ဇောခရိုင်က မြန်မာပြည်ဘက်ကနေလာတဲ့ ဝက်သားတွေ ဝင်တာကို ပိတ်လိုက်တယ်ပေါ့နော်" ဟု ပြောပြသည်။ အိန္ဒိယ-မြန်မာ ထိစပ်နေသည့် မဏိပူရပြည်နယ်တွင်လည်းပြီးခဲ့ သည့်လအတွင်း အလားတူ ပိတ်ပင်ခဲ့သေးသည်။ မီဇိုရမ်သို့မြန်မာဝက်များတင်သွင်းရာ၌ နှစ်နိုင်ငံနယ်စပ် ဆိုင်ဟားနှင့် ကျန်ဖိုင်းခရိုင်ဘက်မှ အဓိကဖြစ်ပြီး၊ လောင်တလိုင်ခရိုင်ဘက်မှလည်းတင်သွင်းသည်။ အိန္ဒိယဘက်ခြမ်းကမူ အာသံပြည်နယ် Silchar မြို့မှဖြစ်သည်။

၂၀၀၈ ဧပြီလမှ ၂၀၀၉ မတ်လကုန်အထိ မြန်မာဘက်က မီဇိုရမ်သို့ ဝက်အရှင် ၃၃၈၅၂၂ ကီလို တင်သွင်းခဲ့ကြောင်း မြန်မာနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြထားကာ တန်ဖိုးအားဖြင့် ကျပ် ၄၈၉.၇၂ သန်း ရှိသည်ဟု ဆိုသည်။

"ဝင်နေတာက အသားစားဖို့တင် မဟုတ်ဘူး။ မွေးဖို့ကအစဝက်ပေါက်ကလေးတွေပါ မြန်မာပြည်ဘက်ကနေ ဝင်နေတာပဲ။ မြန်မာ ပြည်ဝက်တွေဆိုရင် တအားသိသာတယ်။ တချို့နွားတွေ မောင်းလာတယ်ဆိုရင်လည်းမြန်မာစာတွေနဲ့ ရေးထားတာပဲ။ နွားတွေရဲ့ခန္ဓာကိုယ်ပေါ်မှာ ဆေးနီတွေ ဘာတွေနဲ့ရေးထားတာ" ဟု ဦးထွေးကပြောသည်။

မီဇိုးလူမျိုးများသည် ဝက်သားကို အခြားအသားများထက် ပိုမိုနှစ်သက်ပြီး၊ သာရေးနာရေးပွဲများတွင် ဝက်သားကိုသာ အဓိကထားတည့်ခင်းဧည့်ခံလေ့ရှိသည်။

"မီဇိုရမ်ဘက်မှာတောင်ပေါ်ကတော့ သူတို့ရဲ့ အကြိုက်ဆုံးဟင်းက ဝက်သားပဲလေ။ ဒါက နဂိုကတည်းက ရိုးရာလို ဖြစ်နေတာပေါ့။ ဟိုးအရင်ကတည်းက ကိုယ့်တပိုင်တနိုင် မွေးပြီးတော့မှသာရေး နာရေးမှာလည်း ဒါတွေပဲ ချက်စား၊ ဒါတွေပဲ ပြုတ်၊ အဲဒီလိုမျိုး ပေါ့လေ။ ဝက်သားတော့ အားလုံး အကြိုက်ဆုံးပဲ။ မရှိမဖြစ် အစားအသောက်ကို ဖြစ်နေတာ" ဟု အိုက်ဇောရှိ လူရှိုင်းအမျိုးသမီး ဒေါ်စန်းပွီးက ပြောသည်။

မီဇိုရမ်တွင် ရာဂဏန်းမျှအထိ ဝက်မွေးမြူသူများရှိသည့်အပြင် ပြည်နယ်အစိုးရကလည်း ဝက်မွေးမြူရေးပြုလုပ်ကာ အစိုးရဝက်သားဆိုင်များဖွင့်လှစ်ထားသဖြင့် ဈေးနှုန်းတက်မလာသေးသော်လည်း ကြာရှည်ပိတ်ထားပါက ဈေးတက်နိုင်သည်ဟု ဒေသခံများက ဆိုသည်။

"မြန်မာပြည်နဲ့ မတူတာက ဥပမာ ကိုယ်မွေးထားတဲ့ ဝက်ဗျ။ အချိန်တန်အရွယ်ရောက်လို့ သတ်မယ်ဆိုရင် ကိုယ့်ဟာကိုယ် သတ်ပြီး လမ်းဘေးမှာ ထုတ်ရောင်းလိုက်လို့ရတယ်။ အမိန့်တွေ၊ လိုင်စင်တွေ ဘာတွေမလိုဘူး။ ဒီတော့ လောလောဆယ်ထိကတော့ အကျိုးသက်ရောက်မှုဖြစ်မယ်တော့ သိပ်မထင်သေးဘူး။ ဒါပေမဲ့ ၂ လလောက်ပိတ်မယ်ဆိုရင်တော့ ဈေးတော့ တက်နိုင်တာပဲ။ ဒီမှာက ဝက်သားကအဓိကစားကြတာ" ဟု ဦးထွေးက ပြောသည်။

ဝက်နားရွက်ပြာရောဂါကို ၂၀၁၁ ဖေဖော်ဝါရီ ၁၅ ရက်တွင် မန္တလေးတိုင်း၌ စတင်တွေ့ရှိခဲ့ကာ အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရ၊ မတ္တရာ စသည့် မြို့နယ်များရှိ ကျေးရွာ၊ ရပ်ကွက်များရှိ ဝက်ခြံများနှင့် အိမ်မွေးဝက်များ ကူးစက်ခံခဲ့ရပြီး တလအတွင်း ဝက်အကောင်ရေ ထောင်နှင့်ချီ သေဆုံးခဲ့သည်။

ယင်းနောက် မကွေး၊ စစ်ကိုင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် ဧရာဝတီတိုင်း အပါအဝင် မွန်ပြည်နယ်တို့တွင်ပါ ကူးစက်ခဲ့သည်။ ဝက်နားရွက်ပြာသည် ဝက်အသက်အရွယ်မရွေး ဖြစ်နိုင်ကာ ရောဂါကူးစက်နှုန်း ၅၀ မှ ၁၀၀ ရာခိုင်နှုန်းအထိ ရှိသည်။ သို့သော် ဝက်နားရွက်ပြာရောဂါရှိ အသားမှာ လူကို ဥပါဒ်မပေးကြောင်း သိရသည်။ ယင်းရောဂါကို ၁၉၈၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး ဂျာမဏီ၊ စပိန်၊ နယ်သာလန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် ကနေဒါနိုင်ငံများတွင် ၁၉၉၀ နှင့် ၁၉၉၅ ခုနှစ်အတွင်းဖြစ်ပွားခဲ့သည်။ ရောဂါဖြစ်သည့် ဝက်များတွင် နားရွက်များ ပြာလာသဖြင့် ဝက်နားရွက်ပြာဟု ခေါ်တွင်လာခဲ့သည်။

၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသဖြင့် မီဇိုရမ်က ပြည်နယ်ထဲသို့ ကြက်သားနှင့် ကြက်ဥများ သာမက မွေးမြူရေးတိရစ္ဆာန်များ တင်သွင်းမှု ပိတ်ပင်ခဲ့သေးသည်။

---

**စာမျက်နှာ ၁၆ မှ**

လအတွင်း မိသားစု ၁၅၀ ကျော် ထုတ်ချေးနိုင်ခဲ့တယ်လို့ တောင်ဥက္ကလာ လူငယ်ကွန်ယက်အဖွဲ့ကို ဦးဆောင် ဖွဲ့စည်းသူတစ်ဦးဖြစ်တဲ့ ဒေါက်တာစောနိုင်က ပြောပါတယ်။

ဒီအစီအစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အမျိုးသမီးလုပ်ငန်းအထောက်အကူပြုအဖွဲ့က ကမကထ ပြုထုတ်ပေးတဲ့ရင်းနှီးငွေ ကျပ် ၁၀ သိန်းနဲ့လူတစ်ဦးကို နှစ်သောင်းနှုန်း ထုတ်ချေးခဲ့တာဖြစ်ပါတယ်။ ငွေချေးသူတွေဘက်က တစ်နေ့ကို ၇၀၀ ပြန်ဆပ်ရပါတယ်။ ဒီအစီအစဉ် စတင်ခဲ့စဉ်က တောင်ဥက္ကလာဈေးက ခေါင်းရွက်ဗျပ်ထိုးဈေးသည်တွေကိုသာ ချေးငွေထုတ်ပေးခဲ့တာဖြစ်ပေမဲ့ နောက်ပိုင်းမှာ လက်လုပ်လက်စားမိသားစုတွေကိုပါ ချေးငွေထုတ်ပေးလာနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

ဖွန်လဆန်းက စတင်လာခဲ့တဲ့ ဒီအစီအစဉ်ကို ပထမ ၃ လ စမ်းသပ်လုပ်ဆောင်ဖို့ ရည်ရွယ်ထားခဲ့တာဖြစ်ပေမဲ့ နောက်ထပ်လည်း ရင်းနှီးငွေပမာဏတိုးမြှင့်သွားနိုင်ဖို့ လူဦးရေများများကို ငွေထုတ်ချေးနိုင်ဖို့ စီစဉ်ဆောင်ရွက်နေကြောင်းလည်း သိရပါတယ်။

# မြန်မာအစိုးရကို ဖိအားပေးဖို့ အိန္ဒိယကို ဝန်ကြီး ကလင်တန် တိုက်တွန်းပြောဆို

**VOA । ဇူလိုင် ၂၀ ။** ။ မြန်မာအစိုးရရဲ့ လူ့အခွင့်အရေးမှတ်တမ်းတွေဟာ ဆက်လက်ပြီး အခြေအနေဆိုးဝါးနေဆဲဖြစ်ကြောင်းနဲ့ အိန္ဒိယနိုင်ငံအနေနဲ့ မြန်မာအာဏာပိုင်တွေကို ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့တွေ့ဆုံဆွေးနွေးရေးတိုက်တွန်းစေချင်တယ်လို့ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး Hillary Clinton က ပြောဆိုလိုက်ပါတယ်။

မြန်မာအစိုးရအနေနဲ့ ဖမ်းဆီးခံနေရတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို ပြန်လွှတ်ပေးရေး တိုက်တွန်းပေးဖို့ကိုလည်း အိန္ဒိယအစိုးရကို ဝန်ကြီး ကလင်တန်က သူမရဲ့ ၂ ရက်ကြာ အိန္ဒိယခရီးစဉ်အတွင်း ချန်နိုင်းမြို့မှာ ဒီကနေ့ တိုက်တွန်း ပြောဆိုခဲ့တာဖြစ်ပါတယ်။

အာရှ၊ ပစိဖိတ်ဒေသတွင်းမှာ လူ့အခွင့်အရေးချိုးဖောက်တဲ့ ကိစ္စတွေနဲ့ပတ်သက်ပြီး ထုတ်ဖော်ပြောဆိုတာမျိုးလို တာဝန်ယူမှုအသစ်တွေကို အိန္ဒိယက လုပ်ဆောင်သင့်တဲ့အကြောင်း၊ ဒေသတွင်းနိုင်ငံတွေရဲ့အနာဂတ်အပြုသဘောဆောင်ပြီး တိုးတက်လာဖို့အရေးမှာ အိန္ဒိယနိုင်ငံက အလားအလာကောင်းရှိတဲ့နိုင်ငံဖြစ်တယ်လို့ ပြောဆိုပါတယ်။

ပြီးခဲ့တဲ့လတုန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ အိန္ဒိယနိုင်ငံခြားရေးဌာန အတွင်းဝန် နရုန် ပန်ဘာရောင်းတို့ တွေ့ဆုံခဲ့တဲ့ ကိစ္စဟာ တကယ်ပဲ ထူးခြားတဲ့ ကိစ္စတခုဖြစ်ပြီး ဆက်ပြီးတော့လည်း မြန်မာပြည်မှာ လူ့အခွင့်အရေး တိုးတက်မှုတွေရှိလာအောင် အိန္ဒိယက လုပ်ဆောင်သွားဖို့ကို တိုက်တွန်းခဲ့ပါတယ်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နှစ်ပေါင်းများစွာ ခိုင်ခိုင်မာမာထောက်ခံလာခဲ့ပြီးမှ နှစ်အတော်ကြာအတွင်း အိန္ဒိယနိုင်ငံဟာ မြန်မာအစိုးရဟောင်းဖြစ်တဲ့ စစ်အစိုးရနဲ့ ဆက်ဆံမှုတွေ လုပ်လာခဲ့ပါတယ်။

နှစ်နိုင်ငံနယ်စပ်တလျှောက်က ခွဲထွက်ရေးသမားတွေကိုနှိမ်နင်းရာမှာ မြန်မာအစိုးရကို ကူညီဖို့ အိန္ဒိယဘက်က စိတ်ဝင်စားမှုပြခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ အကြီးအကျယ်ရှိနေတာနဲ့ပတ်သက်ပြီး အိန္ဒိယနဲ့အမေရိကန်လို ကမ္ဘာ့အကြီးဆုံး ဒီမိုကရေစီနိုင်ငံကြီး ၂ နိုင်ငံက လျစ်လျူရှုထားလို့ မရနိုင်ပါဘူးလို့ အခုရက်ပိုင်းအတွင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကလင်တန်ရဲ့ခရီးစဉ်အတွင်းအမေရိကန်နဲ့ အိန္ဒိယဆွေးနွေးပွဲတွေနဲ့ ပတ်သက်ပြီးလူ့အခွင့်အရေးအဖွဲ့ HRW အာရှဆိုင်ရာညွှန်ကြားရေးမှူးဂန်ဂူလီ(Ganguly) က ပြောဆိုသွားပါတယ်။

မြန်မာနိုင်ငံမှာ စစ်အုပ်ချုပ်ရေး အဆုံးသတ်တဲ့ နိုဝင်ဘာလ ရွေးကောက်ပွဲ အပြီးကတည်းက ပေါ်ပေါက်လာတဲ့ အစိုးရသစ်နဲ့ ဘယ်လိုအလုပ်လုပ်နိုင်မလဲဆိုတဲ့ကိစ္စကို အမေရိကန်နဲ့ ဥရောပသမဂ္ဂတို့က အကဲဖြတ်နေကြဆဲ ဖြစ်ပါတယ်။

ဒါပေမဲ့လည်း အငြိမ်းစားနဲ့ လက်ရှိ စစ်အရာရှိတွေကပဲ အစိုးရသစ်ရဲ့အဓိကရာထူးတွေကို ယူခဲ့ကြပြီး အခုလပိုင်းအတွင်း အပြောင်းအလဲအနည်းငယ်ရှိတယ်လို့ ဝေဖန်သူတွေက ပြောဆိုကြပါတယ်။

*Voice of Burma*

**APTO 502**
**7-18-1 Takinogawa**
**Kita Ku, Tokyo**
**Japan. 114 - 0023**

**Tel/Fax: 81 3-3949-3919**
**E-mail: sayarkway@yahoo.com**
**koko@gol.com**

**၁၉၉၅ ခု အောက်တိုဘာလ မှစတင်၍ အပတ်စဉ်ထုတ်ဝေသည်**